# မြဝတီ ... 

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် သောကြာနေ့။ Friday, 6 March 2026 ၁၂၁၁၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများ ရင်းရင်းနှီးနှီး ဆွေးနွေး

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့အကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည့်အခြေအနေများနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ


**လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး အလေးပေးဆွေးနွေး**

ဆောင်းပါး စာမျက်နှာ » ၆

**စက်သုံးဆီအလုံအလောက်ရှိကြောင်း အသိပေးကြေညာချက်**

စာမျက်နှာ » ၉

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ**

စာမျက်နှာ » ၇

**လယ်ဝေးမြို့နယ်၌ AHA Center မှတစ်ဆင့် ဆောက်လုပ်လှူဒါန်းထားသော အသင့်တပ်ဆင် ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် စာသင်ဆောင်ဆောက်လုပ်**

စာမျက်နှာ » ၁၀

ကြေးမုံ

# အများပြည်သူအကျိုးစီးပွားရေးရှုလူမှုစီးပွားထိန်းသိမ်းဆောင်ရွက်

ပြည်သူများ၏ ပကတိလိုအင်ဆန္ဒမှာ နေ့စဉ် လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းပြည်အေးချမ်းသာယာရေးနှင့် စားရေရိက္ခာဖူလုံရေးဆိုသည့်အချက်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားရေရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှုအဆင်ပြေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး စသည့် အများပြည်သူတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့ရေးတို့ကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝ အဆင်ပြေချောမွေ့စေရေးတွင် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ချမှတ်ထားသော စည်းကမ်း၊ ဥပဒေများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတတ်သော ပြည်တွင်း၊ ပြည်ပ ထူးခြားသောအခြေအနေတစ်မျိုးမျိုးကြောင့် ကုန်စည်ဈေးနှုန်းများ မတည်မငြိမ်ဖြစ်တတ်သည့် အခြေအနေများဖြစ်ပေါ်လေ့ရှိသည်။ အဓိကအားဖြင့် ပြည်တွင်း၊ ပြည်ပမှ အခြေအနေတစ်မျိုးမျိုးကြောင့် ရွှေဈေး၊ ငွေဈေး၊ စက်သုံးဆီဈေးနှုန်းများ အပြောင်းအလဲဖြစ်ပေါ်သည့်အခါတွင်လည်းကောင်း၊ ထူးခြားသည့် အခြေအနေတစ်ခုခု ဖြစ်ပေါ်သည့်အခါတွင်လည်းကောင်း ကုန်ဈေးနှုန်းများ အတက်၊ အကျဖြစ်ပေါ်လေ့ရှိသည်။ ထိုအခါ အများပြည်သူတို့ မဖြစ်မနေလိုအပ်သော အခြေခံကုန်ဈေးနှုန်းများ အပြောင်းအလဲဖြစ်ပေါ်ကာ ပြည်သူများအား ဝန်ထုပ်ဝန်ပိုးဖြစ်လေ့ရှိသည်။

နိုင်ငံတော်က စားရေရိက္ခာဖူလုံရေး၊ ကုန်စည်ဈေးကွက် အဆင်ပြေချောမွေ့စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး၊ မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် အခြေခံစားကုန်များကို အထွက်နှုန်းတိုးတက် ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းများကို သင့်တင့်သောဈေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကိုအသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၌ ဆီဖူလုံမှုရှိစေရေးတွန်းအားပေးဆောင်ရွက်သွားရန် မကြာခဏ လမ်းညွှန်မှာကြားလေ့ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများဖြင့် ကူညီပံ့ပိုးပေးလျက်ရှိသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းစိုက်ဧကငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၈၈ ဘီလီယံထုတ်ချေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်း၌ ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုမဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးလျက်ရှိသည်။

ပြည်သူများအတွက် အဓိကလိုအပ်သည့် ဆန်၊ ဆီ စသည့်အခြေခံစားသောက်ကုန်များ တည်ငြိမ်မှုရှိစေရေး၊ ကုန်စည်များ စီးဝင်၊ စီးထွက်မှု ကောင်းမွန်စေရန် အခြေခံစားကုန်များကို ဈေးကားများဖြင့် ပြည်သူများနေထိုင်ရာ ဒေသများအလိုက် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် မီးဖိုချောင်သုံး သီးနှံပစ္စည်းများထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်ဖောက်ကားမှုအခြေအနေများနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် နေ့စဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် စက်သုံးဆီပြတ်လပ်မှုမဖြစ်စေရန်အတွက် နိုင်ငံတော်က အစီအမံများ ချမှတ်ဆောင်ရွက်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုကောင်းမွန်ရေး၊ စက်သုံးဆီပြတ်လပ်မှုမဖြစ်စေရေးအတွက် ဆောင်ရွက်ပေးနေပြီဖြစ်ရာ ကုန်သည်များနှင့် ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝများ အခက်အခဲမဖြစ်ပေါ်စေရန် ဖြစ်ပေါ်နေသော အခြေအနေအရ မှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် ဆောင်ရွက်ကြပြီး အခြေအနေကို အခွင့်ကောင်းယူအသုံးချခြင်းမဖြစ်စေရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ဌာန |
|---|---|
| (က) ဒေါက်တာ ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ( ခ ) ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦး ကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၅၀၀ | ၁,၃၉၅ | ၁၃,၁၁၃,၅၀၀ |
| MTSH | ၅,၁၀၀ | ၅,၄၀၀ | ၂,၄၈၄ | ၁၃,၁၆၀,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၂၀၀ | ၇၇၂ | ၆,၄၇၈,၃၀၀ |
| FPB | ၃,၄၀၀ | ၃,၄၀၀ | ၇,၀၀၈ | ၂၃,၇၆၈,၃၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၂၈၄ | ၈၆၆,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၅,၂၃၃ | ၈,၆၂၈,၂၅၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၂၃၆ | ၉၂၂,၉၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၇၉ | ၂၆၄,၆၅၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၈၅၀ | ၂,၀၅၂ | ၅,၇၄၅,၇၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၅ | ၁၉၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | | သုတေသန | - ဇင်မာဝင့် |
| | | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများနှင့် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားလာမှုကဏ္ဍနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နီကာရာဂွါ နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ်ပေါင်းစုံတွင် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာခဲ့မှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြီးမားသည့် ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတ နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၅**

လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထု ကိုယ်စားပြု ရွေးချယ်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပရန် လွှတ်တော်အလိုက် ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိသတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန်ကြေညာပြီးဖြစ်သည့်အတွက် မကြာမီရောက်ရှိကြတော့မည်ဖြစ်ကြောင်း။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွား/အပြန် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို သက်ဆိုင်ရာရုံး၊ ဌာနအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ တည်းခိုနေထိုင်မည့်အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်း ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ရက်အမီ အဆင်သင့်ပြင်ဆင်ထားရှိရန်နှင့် လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

လွှတ်တော်ဝင်း လုံခြုံရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးအရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း ပြီးပြတ်အောင်ဆောင်ရွက်သွားရန်၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွှတ်တော်အစည်းအဝေးများတွင် အသုံးပြုမည့် ရုပ်/ သံရိုက်ကူးရေးဆိုင်ရာစနစ်များနှင့် စက်ပိုင်းဆိုင်ရာ စနစ်များကောင်းမွန်မှုရှိစေရန် အမြဲစမ်းသပ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြရန်၊ လွှတ်တော်အဆောက်အအုံ ပြင်ဆင်သည့်လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မကြာမီကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်း သတင်းရယူရေးနှင့်စပ်လျဉ်းသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် Media Corner များ စနစ်တကျထားရှိရန်လိုအပ်ကြောင်းနှင့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အချိန်မီတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ e – Voting System မဲပေးစက်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်းခိုနေထိုင်မည့် စည်ပင်ဌေးရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၅**

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) တပ်နယ်အားကစားခန်းမနှင့် ခတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက်ကျင်းပသည်။



**တက်ရောက်**

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)များ၊ သူနာပြု/ ကျွမ်းကျင်သူများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့တွင် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Meet the Experts (MTE) တစ်ခု၊ Special Talk လေးခု၊ Clinical Session နှင့် Symposium များ အဖြစ် **"တပ်မတော်သားများ တိုက်ပွဲဝင် အသင့်ဖြစ်စေရန် အတွက် အဝလွန်ပြဿနာဖြေရှင်းရန်နည်းလမ်းများ"၊ "စစ်မြေပြင် ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်ရာတွင် ဆောင်ရွက်မည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးလက်ထောက်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ"၊ "ဆေးပညာ သင်ကြားရေးတွင် အရေးပါသည့် ဆရာများအတွက် အနာဂတ် စိန်ခေါ်မှုများနှင့် ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းများ"၊ "အာရုံကြောစနစ်သုံး စစ်ဆင်ရေးခေတ်သို့ ကူးပြောင်းရောက်ရှိလာခြင်း"၊ "သက်မဲ့ အလှူရှင်ထံမှ အသည်းအစားထိုးကုသခြင်း"** စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် သုတေသနစာတမ်းများအဖြစ် သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဆေးပညာ၊ ရေကြောင်း ဆေးပညာ၊ လေကြောင်းဆေးပညာ၊ ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ ပြန်လည်သန်စွမ်းရေးဆေးပညာ၊ အရိုးအထူးကုပညာ၊ ခတ်မှန်ပညာ၊ ဇီဝကမ္မဗေဒ၊ စိတ်ကျန်းမာရေး၊ အလုပ်သင်ဆရာဝန်များ၏ သုတေသနစာတမ်းများ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၃၉ စောင်တို့အား ပါဝင်ဖတ်ကြားတင်သွင်းကြသည်။


ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာသုတေသီများက ရှင်းလင်းဖြေကြားဆွေးနွေးကြပြီး ဒုတိယနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နား၍ မတ် ၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)နှင့် သူနာပြု/ ကျွမ်းကျင်သူကိုယ်တိုင် တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ တက်ရောက်သူများ အနေဖြင့် စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အလားအလာရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ အရှေ့အလယ်ပိုင်းဒေသတွင်း လက်ရှိအခြေအနေနှင့် နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နီကာရာဂွါသံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန်ဖွင့်လှစ်နိုင်ရေးအပါအဝင် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ခရီးသွား၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပင်မဓာတ်အားခွဲရုံ၌ ဝန်ထမ်းများအား မတ် ၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် သန္နေတပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ထူးချွန်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၅ ရက်က Weixin (Myanmar) အိတ်ချုပ်စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ မတ် ၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၃ ရက် နံနက်ပိုင်းက မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မာန်အောင်မြို့ ရှေးဟောင်း သမိုင်းဝင် ရန်အောင်မြင် စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြ၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကာ မာန်အောင်မြို့၌ စစ်တွေမြို့ မဟာဇေယျ သိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကြီးဦးဆောင်တည်ထားလျက်ရှိသောဉာဏ်တော်အမြင့် ၁၀၈ ပေရှိ ထိုင်တော်မူ လောကဦးသျှောင် ဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက် ကြည့်ရှုကြပြီး ဘုရားကြီး တည်ဆောက်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် မာန်အောင်မြို့ မြို့မကျောင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကာ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မာန်အောင်မြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံတက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြသည့် လူနာများကို လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

ဆက်လက်၍ မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ၂၄ နာရီ မီးရရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် 100 KVA ဆိုလာမီးများ တပ်ဆင်ပေးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးကာ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံးအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ မာန်အောင်မြို့ ဆိပ်ခံတံတားအနီး သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မြို့မစည်ပင်သာယာ ဈေးအတွင်း ဟင်းသီးဟင်းရွက်ဈေးတန်းနှင့် အသားဈေးတန်းကို အသစ်ပြန်လည် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးသူ ဈေးသားများ ဈေးရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး အလေးပေးဆွေးနွေး

လျှပ်စစ်စွမ်းအားအစွမ်းဖြင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၏ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာမှု ပြယုဂ်သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ သတင်းပါအကြောင်းအရာက ၂၀၂၁ ခုနှစ် စာရင်းအရ လာအိုနိုင်ငံ၏ လူဦးရေ ၁၀၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိလာရုံမက အိမ်နီးချင်းနိုင်ငံများသို့ပါ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်သည့်အဆင့်သို့ တက်လှမ်းလာကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်မှုပမာဏ ပိုမိုတိုးတက်မြင့်မားလာသည်နှင့်အမျှ ကမ္ဘာ့ ၁၂ ခုမြောက် အကြီးဆုံးလျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက တရားဝင်ဖွင့်လှစ်ခဲ့သည့် လာအိုနိုင်ငံ၏ အကြီးဆုံးနှင့် နည်းပညာအမြင့်မားဆုံး ဆိုင်ယာဘူရီဆည်ကြီး(Xayaburi Dam) တရားဝင်ဖွင့်လှစ်နိုင်မှုနှင့်အတူ လာအိုနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်မှုမှာ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ စိန်ခေါ်မှုများနှင့် အငြင်းပွားဖွယ်ရာအချို့ရှိသော်ငြားဆိုင်ယာဘူရီဆည်သည် နိုင်ငံခြားဝင်ငွေရှာပေးသည့် အဓိကအရင်းအမြစ်တစ်ခုဖြစ်လာကြောင်း။

ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားရရှိမှုနှင့်အတူ လာအိုနိုင်ငံသည် ယခု ၂၀၂၆ ခုနှစ်အတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း(LDC)မှ ရုန်းထွက်နိုင်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း ဆိုသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက သွားရောက်ခဲ့သည့် ကချင်ပြည်နယ်ခရီးစဉ်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ထပ်မံလေ့လာ ဖတ်ရှုခဲ့ရပြန်ပါသည်။

## မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေး

ဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက **"ရေအားလျှပ်စစ်သည် အသက်သာဆုံးဖြစ်၍ ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်၏အရင်းအမြစ်များက သဘာဝတရားကြီးမားစွာ ဖန်တီးပေးထားသည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း"** ပြောကြားခဲ့သည်။

ဆက်လက်၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ **"အဆိုပါ စီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အကျေအလည် ဆွေးနွေးရသည့်အချက်မှာ ငလျင်ကြောပေါ်တွင်ရှိနေသည့်အတွက် တမံပြိုကျပါက ဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် မေးခွန်းများအပေါ် တမံတည်ဆောက်မှုဒီဇိုင်း၌ ငလျင်ဒဏ်ခံနိုင်မည့်ဒီဇိုင်းဖြင့် တည်ဆောက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမြစ်ဆုံစီမံကိန်းကို နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အဓိကထား၍ ဆောင်ရွက်သွားမည်ဟု ဆိုသည်။**

> ✻ **ရေအားလျှပ်စစ်သည် အသက်သာဆုံးဖြစ်၍ ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်၏ အရင်းအမြစ်များက သဘာဝတရားကြီးမားစွာ ဖန်တီးပေးထားသည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို**
>
> ✻ **အဆိုပါ စီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အကျေအလည် ဆွေးနွေးရသည့်အချက်မှာ ငလျင်ကြောပေါ်တွင်ရှိနေသည့်အတွက် တမံပြိုကျပါက ဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် မေးခွန်းများအပေါ် တမံတည်ဆောက်မှုဒီဇိုင်း၌ ငလျင်ဒဏ်ခံနိုင်မည့်ဒီဇိုင်းဖြင့် တည်ဆောက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမြစ်ဆုံစီမံကိန်းကို နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အဓိကထား၍ ဆောင်ရွက်သွားမည်**

မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြစ်ဆုံအမှတ်လက္ခဏာ မပျောက်ပျက်စေရေး တမံအမြင့်နှင့် ထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနှင့် အဆိုပြုနည်းလမ်းခြောက်မျိုးဖြင့် အကြိမ်ကြိမ်ဆွေးနွေးပြီး မေခနှင့်မလိခမြစ်ဆုံမှ ရေစီးကြောင်းမပျောက်ပျက်စေဘဲ နှစ်နိုင်ငံဖြစ်နိုင်ခြေရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် အဆိုပြုပုံစံသုံးရပ်ကို ဆန်ခါတင်စိစစ်ခဲ့ပြီး တမံအမျိုးအစား Concrete Face Rock Fill Dam (CFRD) ကွန်ကရစ်မျက်နှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်၍ တပ်ဆင်စက်အင်အား ၅၆၀၀ မဂ္ဂါဝပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာ နေရာရှိ ဇောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျူခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျူ ခံနိုင်ရည်ရှိကြောင်း၊ အဆိုပါဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့်ဒီဇိုင်းကို ASEAN Charter Professional Engineer (ACPE) အဖွဲ့မှ ပညာရှင်များဖြင့် အကြံပြုတွက်ချက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ဆက်စပ်၍ "ရေအောက်ကြမ်းပြင်ထိန်းညှိပေးမည့် လုပ်ငန်းများပါ ထည့်သွင်းထားပြီး နှစ်စဉ် မြစ်ကြီးနားမြို့ ရေဝင်ရေကြီးနစ်မြုပ်မှုမှလည်း ကင်းရှင်းစေမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်တစ်လျှောက် မြစ်ဝကျွန်းပေါ် ပင်လယ်အဝအထိ နှစ်စဉ် နွေမိုးဆောင်းရေပြင်အမြင့် ၁၀ မီတာအမြဲရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှ မြစ်ကြီးနားအထိ မြစ်တွင်းသွားသင်္ဘောကြီး/သင်္ဘောငယ်များ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနယ်အနှစ်များကိုလည်း ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သဘာဝကပေးသည့် အဆီအနှစ်ပြည့်ဝသည့် မြေဩဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

စီမံကိန်းမှထွက်ပေါ်လာမည့် အကျိုးရလဒ်အားဖြင့် စီမံကိန်းအောင်မြင်ပါက နိုင်ငံတော်နှင့် ကချင်ပြည်နယ်ကိုအကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိရေးနှင့် ရေလမ်းကြောင်း ရာသီမရွေးအသုံးချနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ကျေနပ်ဝမ်းသာ အားရသဘောကျလက်ခံကြသည်ဟု ဆိုပါသည်။

### မောင်ကမ္ဘာ

#### အနာဂတ်မြင်ကွင်းပုံရိပ်များကား တဖျတ်ဖျတ်ထင်ဟပ်လာ

လျှပ်စစ်စွမ်းအားနှင့်ပတ်သက်သည့် သတင်းနှစ်ပုဒ်ကို နှိုင်းယှဉ်ဖတ်ရှုရင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မြင်ကွင်းပုံရိပ်များကား တဖျတ်ဖျတ်ထင်ဟပ်လာသည်။

မြန်မာ့ရုပ်မြင်သံကြား ခေတ်ဦးကာလက ရုပ်မြင်သံကြားပရိသတ်များ အထူးကြိုက်နှစ်သက်လေ့ရှိသည့် "Six Million Dollar Man" ၊ "Little House on the Prairie"၊ "The Love Boat"၊ "Charlie's Angels" စသည့် ရုပ်သံဇာတ်လမ်းတွဲများကို အပတ်စဉ် ထုတ်လွှင့်ပြသလေ့ရှိသည်။

သို့သော် ကိုယ်နှစ်သက်ရာဇာတ်လမ်းတွဲကို ကြည့်ခွင့်ရချင်မှရပေလိမ့်မည်။ တစ်ခါတစ်ရံ အစအဆုံး ကြည့်ချင်မှ ကြည့်ရပေလိမ့်မည်။ ထိုခေတ် ထိုအချိန်ကတည်းက လျှပ်စစ်မီးက အစိုးမရ။ ည ၈ နာရီ သတင်းကြေညာအပြီးတွင် မကြာခဏ မီးပြတ်လေ့ရှိတတ်သည်။ တစ်ခါတလေ ဇာတ်ကားပြသနေဆဲ ကြည့်ကောင်းနေချိန်တွင် ပြတ်ချင်ပြတ်တတ်သည်။

တစ်ရက် စာရေးသူကြိုက်နှစ်သက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲ ပြသခါနီးတွင် မီးကမလာ၊ ပြတ်နေဆဲဖြစ်၍ ငယ်ရွယ်သူပီပီ လမ်းထိပ်က လျှပ်စစ်ဓာတ်အားခွဲရုံသွပ်ခေါင်မိုးကို မှောင်ရိပ်ခို၍ ခဲစာကျွေးခဲ့ဖူးသည်။ ယခုပြန်တွေးကြည့်တော့ ပြုံးရယ်စရာဖြစ်ရသည်။ မီးပြတ်တိုင်း အဆိုပါလျှပ်စစ်ဓာတ်အားခွဲရုံက တမင်ညစ်ပြီး မီးဖြတ်ခြင်းဖြစ်သည်ဟု တထစ်ချယူဆမိ၍ဖြစ်သည်။ ထိုစဉ်အခါက တစ်နိုင်ငံလုံးကို လောပိတဓာတ်အားပေးစက်ရုံတစ်ရုံတည်းက အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေရခြင်းဖြစ်၍ ဝန်နှင့်အားမမျှဖြစ်ကာ မကြာခဏမီးပြတ်နေခြင်းဖြစ်ကြောင်း ငယ်ရွယ်စဉ်က မသိခဲ့ရိုးအမှန်ပင်။

သည်လိုနှင့် ၁၉၉၀၊ ၂၀၀၀၊ ၂၀၁၀ စသည်ဖြင့် ဆယ်စုနှစ်အလိုက် ခရစ်၊ သက္ကရာဇ်တွေ ပြောင်းလဲရွေ့လျားလာသည်။ မိမိတို့လည်း လူလားမြောက်၍ အသက်တွေ တစ်စတစ်စ ကြီးရင့်လာကြသည်။ သို့သော် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍကမူ လိုအပ်ချက်ရှိနေဆဲ။

ယခင်ကထက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ပါသော်လည်း တစ်စတစ်စ တိုးတက်လာသောအခြေခံအဆောက်အအုံများ၊ ခေတ်မီလျှပ်စစ်အသုံးအဆောင်များကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားလာသည်နှင့်အမျှ ထုတ်လုပ်မှုနှင့်သုံးစွဲမှုမှာ သမင်မွေးရင်း ကျားစားရင်းဖြစ်နေဆဲပင်။ စာမျက်နှာ ၇ သို့ ◆

> ✻ **နိုင်ငံနှင့်ချီ၍ဆိုရလျှင် နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးက လိုအပ်နေဆဲ။ ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေရန် လျှပ်စစ်ဓာတ်အားက လိုအပ်နေဆဲပင်**
>
> ✻ **မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံငယ်များမဆိုထားဘိ အင်အားကြီးနိုင်ငံကြီးများသည်ပင်လျှင် ၎င်းတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မကျစေရန်၊ ပို၍ခေတ်ရှေ့ပြေးနိုင်ရန် လျှပ်စစ်ဓာတ်အားအပါအဝင် စွမ်းအင်လိုအပ်ချက်ကို အာသာမငြိမ်းဖြင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရယူလုပ်ဆောင်လျက်ရှိသည်ကို ယနေ့ ကမ္ဘာ့မြင်ကွင်းတွင် တွေ့မြင်ကြရမည်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မဲခေါင်-လန်ချန်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တက်ရောက်လာကြသောပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းများဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၈ ခုနှစ်တွင် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည့်အတွက် ယခုနှစ်သည် မိမိတို့ဒေသအတွက်အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမူများနှင့် ငြိမ်းချမ်း၍ သာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အပြန်အလှန်မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးမျှော်မှန်းချက်ကို ထပ်လောင်းအတည်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation Corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်မှုမှတစ်ဆင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အကူအညီများ ဆက်လက်ပေးအပ်နေသည့် တရုတ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များနှင့် တိုးတက်မှုများရရှိလျက်ရှိသော်လည်း လက်ရှိကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲမှုများ၊ စီးပွားရေးမတည်ငြိမ်မှုများ၊ ရာသီဥတုပြောင်းလဲမှုစသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေကြရာ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ဒေသတွင်းစဉ်ဆက်မပြတ် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အထိမ်းအမှတ် မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က သာယာငြိမ့်ညောင်းတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားတို့က မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အနုပညာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ အဏ္ဏဝါထွန်းစက်သုံးဆီအရောင်းဆိုင်၌ မတ် ၅ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသူအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီဆိုင်ဝန်ထမ်းများနှင့် ပူးပေါင်းကာ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခြင်း၊ အဝတ်စိုအသုံးပြု၍ ဖုံးအုပ်ငြိမ်းသတ်ခြင်းတို့အပြင် မီးသတ်ရေယာဉ်ဖြင့် ဓာတ်တိုက်ငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်စဉ်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)

## ရေးမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရေး မတ် ၅

မွန်ပြည်နယ် ရေးမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဌာနတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပမည့် အခြေခံပညာကျောင်းများ၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်မည့် စာသင်ကျောင်းများနှင့် မြသီတာဈေးကြီးတို့၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲကောင်းထက်နှင့် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးကျော်စိုးထိုက်တို့က တပ်ဆင်ထားသည့် လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဈေးအတွင်း မီးချိတ်/ မီးကပ်၊ မီးသတိပြုရေးစာတန်းများ ချိတ်ဆွဲထားခြင်း၊ မီးသတ်ဆေးဘူး စနစ်တကျထားရှိမှု ရှိ/မရှိတို့ကို လိုက်လံစစ်ဆေးပြီး အသိပညာပေးခြင်း



နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

◆ စာမျက်နှာ ၆ မှ

ယခုမျက်မှောက်ကာလတွင်လည်း မီးမကြာခဏပြတ်နေဆဲဖြစ်၍ “ဟာ”၊ “ဟင်”၊ “ကျွတ်”၊ “တောက်” စသည့်အားမလို အားမရအသံများ။ မီးပြန်လာ၍ “ဟေး”၊ “ဟား” ဟူသော ဝမ်းသာအားရအာမေဋိတ်သံများကို ကြားနေရဆဲ။ လူနေအိမ်အချို့မှသည် MSME အသေးစား၊ အလတ်စားလုပ်ငန်းများ၊ အရောင်းပြခန်းများတွင် မီးစက်သံများကို ကြားနေရဆဲ။ ရေတင်မရလို့၊ ထမင်း၊ ဟင်းမချက်ရသေးလို့ စသည့် လူမှုကိစ္စအခက်အခဲများကလည်း ယနေ့ကြုံတွေ့နေရဆဲ။

နိုင်ငံနှင့်ချီ၍ဆိုရလျှင် နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးက လိုအပ်နေဆဲ။ ကုန်ထုတ်စွမ်းအားပိုမိုတိုးတက်စေရန် လျှပ်စစ်ဓာတ်အားက လိုအပ်နေဆဲပင်။

မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မဆိုထားဘိ အင်အားကြီးနိုင်ငံကြီးများသည်ပင်လျှင် ၎င်းတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မကျစေရန်၊ ပို၍ခေတ်ရှေ့ပြေးနိုင်ရန် လျှပ်စစ်ဓာတ်အားအပါအဝင် စွမ်းအင်လိုအပ်ချက်ကို အာသာငမ်းငမ်းဖြင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရယူလုပ်ဆောင်လျက်ရှိသည်ကို ယနေ့ ကမ္ဘာ့မြင်ကွင်းတွင် တွေ့မြင်ကြရမည်ဖြစ်ပေသည်။

စက်မှုထိပ်သီးဂျပန်နိုင်ငံတွင်မူ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအပြင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုလည်း တွဲဖက်အသုံးပြုလျက်ရှိပေသည်။ တိုကျိုမြို့ရှိ J Power ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံတွင် ဩစတြေးလျမှ ထုတ်လုပ်တင်ပို့ထားသော ရောမကျောက်မီးသွေးအခဲတုံးကြီးကို မှန်ပေါင်သွင်း၍ ပြသထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို နျူကလီးယားစွမ်းအင်အပြင် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ရယူလျက်ရှိကြသည်။ ယင်းတို့အနက် ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်မှုက အသက်သာဆုံးဖြစ်ကြောင်း သိရပါသည်။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ၁ ယူနစ်ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ရေအားလျှပ်စစ်မှ ပျမ်းမျှ ၈၂ ကျပ်၊ နေရောင်ခြည်စွမ်းအင်မှ ၁၇၁ ကျပ်၊ သဘာဝဓာတ်ငွေ့မှ ၂၃၅ ကျပ်နှင့် ကျောက်မီးသွေးမှ ၂၁၅ ကျပ် ကုန်ကျကြောင်း သိရသည်။

မိမိတို့၏ နိစ္စဓူဝ လူမှုစီးပွားကိစ္စအဝဝ အဆင်ပြေချောမွေ့စေဖို့၊ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ စိုက်ပျိုးမွေးမြူရေးအပါအဝင် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေဖို့ လိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးအတွက် မိမိတို့အားလုံး ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးအဖြေရှာကြရပါမည်။

**မိမိတို့ငယ်စဉ်ကလို ကလေးအတွေးဖြင့် မီးမလာတိုင်း၊ မီးပြတ်တိုင်း စိတ်ထင်ရာမြင်ရာဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံကို ခဲနှင့်ပစ်၍ပြဿနာကို ဖြေရှင်း၍မရနိုင်ပေ။** ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ (၃၇) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၅

(၃၇) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဆင်းတက္ကသိုလ်များမှပါမောက္ခချုပ်များ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှကိုယ်စားလှယ်များ၊ သုတေသနစာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေးသည် အရေးကြီးသောအခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသည့် သုတေသနစွမ်းဆောင်ချက်တစ်ခုသည် နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်ရေးနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Research and Development ကဏ္ဍသည် အရေးပါကြောင်း၊ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ရင်ဆိုင်နေရသည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ချဉ်းကပ်မှုပုံစံသစ်များဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးနှင့် ရေရှည်တည်တံ့စေသော သတ္တုတူးဖော်မှု (Green Mining and Sustainable Mining) ဖြစ်စေရန်နှင့် ဈေးကွက်ဆိုင်ရာ သုတေသနများအား လေ့လာဖော်ထုတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍ (၃) ရပ် ပူးပေါင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အကျိုးရှိသည့် သုတေသနရလဒ်ကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် သုတေသီများအနေဖြင့် ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့် အသုံးချသုတေသနရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းပိုစတာများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာစာတမ်းရှင်များက သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ စာတမ်းပေါင်း ၂၇ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ပုသိမ် မတ် ၅

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် RCC နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ် မျက်နှာစာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူဦးမြင့်စိုး၏ ဆင်းပဒေသာ(၁၂) ဆောင်းမြေပဲစိုက်ကွက်ရတ်သိမ်းပွဲသို့ တက်ရောက် ကြည့်ရှုအားပေးပြီး နှောကုန်းကျေးရွာ ဖူးရတနာ မြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ရုံ၌ မြေပဲအခွံချွတ်စက်၊ မြေပဲသန့်စင်စက်၊ မြေပဲကြိတ်စက်တို့ဖြင့် မြေပဲဆီကြိတ်ခွဲနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ရေကြည်မြို့နယ် ကျွန်းတောက်ကျေးရွာ၊ နှောကုန်းကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာ လျှပ်စစ်မီး ဖွင့်ပွဲသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မဲဇလီကုန်းကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကုန်ထုတ်လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာ၌ ကျင်းပသည့် (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ ပိတ်ပွဲ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တောင်သူလယ်သမားနေ့ အခမ်းအနား ဆွေးနွေးပွဲရလဒ်များကို စုစည်းတင်ပြပြီး တောင်သူလယ်သမားနေ့ ပြခန်းများတွင် နှစ်သိမ့်ဆုရရှိသည့် ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အား စီးပွားရေးရာဝန်ကြီးကလည်းကောင်း၊ ပထမဆုရရှိသည့် မြောင်းမြခရိုင်၊ ဒုတိယဆုရရှိသည့် ကျုံပျော်ခရိုင်နှင့် တတိယဆုရရှိသည့် လပွတ္တာခရိုင်တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

❖ ကျောဖုံးမှ

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန် မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုစာရင်းတွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT၊ ATOM၊ U9၊ Mytel) များ၏ SIM Card များကို မိုဘိုင်းလက်ကိုင်ဖုန်း (Handset) အတွင်း ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထား၍ တရားဝင် တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ ခွင့်ပြုစာရင်းတွင်မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့် ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်းလက်ကိုင်ဖုန်း (Handset) ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity – IMEI) ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသောဒေသများရှိ ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

# လယ်ဝေးမြို့နယ်၌ AHA Center မှတစ်ဆင့် ဆောက်လုပ်လှူဒါန်းထားသော အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် စာသင်ဆောင် ဆောက်လုပ်

**နေပြည်တော် မတ် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထိုင်းနိုင်ငံက AHA Center မှတစ်ဆင့် ဆောက်လုပ်လှူဒါန်းထားသော အောင်မြင်ကုန်းကျေးရွာ အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။



အဆိုပါအသင့်တပ်ဆင် ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံသည် အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိတစ်ထပ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်တပ်ဆင်ရန် ၁၀ ရက်ခန့်သာကြာမြင့်ကြောင်းနှင့် ငလျင်အန္တရာယ်ကြုံတွေ့ရပါက အဆောက်အအုံကြောင့် နေထိုင်အသုံးပြုသူများအပေါ် ထိခိုက်နိုင်မှုနည်းပါးစေနိုင်ကြောင်း သိရသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထိရောက်သော အထောက်အပံ့ဖြစ်စေရန် သက်ဆိုင်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ ညှိနှိုင်း၍ ထိုင်းနိုင်ငံ အကူအညီအထောက်အပံ့ကို လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ထိုင်းနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် ဆောက်လုပ်ထားသော အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိ အသင့်တပ်ဆင်စာသင်ကျောင်းဆောင်ကို ကြည့်ရှုပြီး ဆရာ ဆရာမများ၊ တာဝန်ရှိသူများအား မန္တလေးငလျင်ကြီးကြောင့် များပြားလှစွာသော အခြေခံအဆောက်အအုံများ ပျက်စီးထိခိုက်ခဲ့ရာ ပညာသင်ကြားရေးဆိုင်ရာ ကျောင်းဆောင်များလည်းပါဝင်ခဲ့သဖြင့် အာဆီယံဒေသတွင်းနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများမှ ဆက်သွယ်လှူဒါန်းမှုများရှိသကဲ့သို့ AHA Center မှတစ်ဆင့် လှူဒါန်းမှုများလည်းရှိခဲ့ကြောင်း။

**မှာကြား**

ယခုဆောက်လုပ်ထားသော စာသင်ကျောင်းဆောင်အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အသင့်တပ်ဆင်စာသင်ဆောင် ခုနစ်ဆောင်၊ အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၁၀ ခန်း စုစုပေါင်း အဆောက်အအုံ ၁၇ဆောင်ကို ထိုင်းနိုင်ငံက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားမှုတို့တွင် များစွာအထောက်အကူဖြစ်သည့်အတွက် လှူဒါန်းအဆောက်အအုံများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၅**

နိုင်ငံတော်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW Phase II (၂၀၂၃-၂၀၃၂) ကို ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာစီမံကိန်း၏ အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေးကဏ္ဍရှိ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၆ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုသည့်အနေဖြင့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေး ကော်မရှင်ရုံး (ရန်ကုန်)၌ ကျင်းပရာ



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုသည်မှာ လူသားအားလုံး ရရှိအပ်သည့် မွေးရာပါ အခွင့်အရေးများဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများဖြစ်သော တန်းတူညီမျှမှုရှိစေရန်နှင့် ခွဲခြားဆက်ဆံမှု မရှိစေရန် (Equality and Non-discrimination)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသမီးအခွင့်အရေးများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကလည်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ အခွင့်အရေးများ မြှင့်တင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးချက်မှ ထွက်ပေါ်လာမည့်အကြံပြုချက်များသည် NSPAW မဟာဗျူဟာစီမံကိန်း ပန်းတိုင်အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေမည့်အတွက် ဆွေးနွေးပွဲ တက်ရောက်လာသူများကလည်း NSPAW မဟာဗျူဟာစီမံကိန်းပါ အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေး အခြေခံအယူအဆနှင့် အမျိုးသမီးအခွင့်အရေးများ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးတို့က အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ (၂၀၂၃ - ၂၀၃၂) ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၁၂) ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုချင်းအပေါ် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပြီး အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၅**

ယနေ့ည ၈ နာရီ ၁၈ မိနစ်၊ ၄၅ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မတူပီမြို့၏ အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၇၇ ဒီဂရီ၊ အနက် ၅၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# တစ်ဦးမှသည် တစ်ဖွဲ့ချင်း အများပြင် အမြင်မှန်၍ အပူကို ငြိမ်းစေသူများ

မိုးကေနိုင်

ကိုယ်က မှန်သည်ထင်တိုင်း ဧကန်မှန်ပါသလား၊ သူမှားသည်ဟု ထင်တိုင်းလည်း အမှန်တကယ် မှားသည်ဟု ဆိုနိုင်ပါသလား။ ပညာဖြင့် အရာရာ အဆုံးအဖြတ်ပေးငြား အချို့အရာများက အတွေ့ အကြုံကိုရင်းပြီးမှ သိလာရသည့်အမှန်တရားတွေ ရှိသည်။

အမှားနှင့် အမှန်ဆိုသည်မှာ ယုံကြည်ချက်၊ အကျိုးစီးပွားနှင့် အင်အားအပေါ် မူတည်၍ ပြောင်းလဲနေတတ်သည်ဟု ဆိုသည်။ သို့သော် ယုံကြည်ချက်အမှားကြောင့် ပြုလုပ်မှုမှန်သမျှ ဘယ်တော့မှ အမှန်မဖြစ်နိုင်။ အတ္တအခြေခံသည့် အကျိုးစီးပွားသည်လည်း တစ်ချိန်၌ အမှားဖြစ်မည်သာ။ အင်အားကို အလွန်အကျွံ သုံးစွဲသမျှလည်း ဘယ်တော့မှ တရားမျှတမှုကို ရရှိနိုင်မည်မဟုတ်ပါ။ မမြဲသောအရာဆိုသော်လည်း အစဉ်အမြဲ မဖောက်မပြန်၊ မပြောင်းမလဲ၊ ဖြောင့်မတ်သော အရာကိုသာ တကယ့်အမှန်တရားအဖြစ် ယူ၍ရနိုင်ပါသည်။ သို့သော် ယနေ့မျက်မှောက်မှာ အမှားက အမှန်၊ အမှန်ကအမှား ဖြစ်နေသည်မှာလည်း နေရာတိုင်း၌ တွေ့နေရသည်။ ဘာကြောင့်ပါလဲ။ အတ္တ၊ အမုန်း၊ အစွဲ အခြေခံသည့် အဂတိများကြောင့်သာ။ အမှားအမှန် နှလုံးသွင်းမှားနေကြ၍သာ လမ်းမှား ရောက်နေကြခြင်းဖြစ်သည်။

## အတ္တနည်း သတ္တိရှိသူများအဖြစ်

အရေးကြီးသည့်အချက်က မသိ၍ မှားခဲ့သည်ကို လက်ခံသည်။ သို့သော် သိလျက်နှင့် ဆက်မှား၊ မှားမှန်း သိလျက်နှင့် မပြင်နိုင်လျှင်သာ တကယ့်လူမိုက်အဖြစ် သတ်မှတ်ခံနေရခြင်းဖြစ်သည်။ မှားပြီးရင်း ဆက်မှား၊ ကိုယ်တိုင်လည်းကျူးလွန်၊ ကိုယ့်အကျိုး လည်းထိခိုက်၊ အများအပေါ်လည်း ကျူးလွန်မိ၊ အများအကျိုးစီးပွား ထိခိုက်အောင် ဆက်လုပ်နေသူ များကား တကယ့်လူယုတ်မာ၊ ဒုစရိုက်သမားများ အဖြစ် ရောက်သွားကြရသည်သာ။

> စည်းကမ်းတို့ ကျင့်ဝတ်တို့ရှိသော ဥပဒေဘောင်အတွင်းမှာ လူမိုက်၊ လူ့အန္ဓတို့ မနေနိုင်ပါ။ လူလိမ္မာတို့သာ နေနိုင်ကြသည်ဖြစ်၍ ဥပဒေနှင့်ထိန်းကွပ်ရာ အရပ်သည် လူလိမ္မာသား၊ ပညာရှိလူအများတို့ နေထိုင်ရာ သင့်တော်ရာအရပ်သည်သာ မင်္ဂလာနှင့် ညီပါသည်။ သွေးဆူသည့်အချိန် လျှောက်ခဲ့သည့်လမ်း၊ ဆူးခင်းလမ်းဟု သူတို့မမြင်သာခဲ့သည်ကိုလည်း ခွင့်လွှတ်နိုင်ပါသည်။ အလွယ်တွေး၍ ရွေးလျှောက်ခဲ့ကြသော်လည်း အမှောင်မှအလင်းသို့ ပြန်ဝင်ရန်မှာမူ ဆုံးဖြတ်ရန်ခက်ခဲခဲ့ကြပေမည်။ ထို့ကြောင့် သူတို့သတ္တိကို လေးစားရပါသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော ကြိုဆိုထိုက်သူ မည်သူမဆို ကြိုဆိုနေခြင်းဖြစ်

> တရားမဲ့လမ်းစဉ်သည် အဖြေမဟုတ်၊ အကြမ်းဖက်နည်းလမ်းသည် အမှား၊ ထိုလမ်းစဉ်မှားများကြောင့် တန်ဖိုးရှိ လူ့အသက်များ ဘာကြောင့်ပေးဆပ်နေမလဲ။ စားပွဲဝိုင်းနည်းလမ်းကသာ အမှန်ဆိုသည့်သဘောကို ကိုယ်ပိုင်အသိဖြင့် သိမြင်လာခြင်းသည်ပင် ပညာဖြစ်သည်။ နားမလည်လျှင်လည်း နားထောင်ပေးရန်လိုသည်။ ခံစားချက်ပြင်းပြင်းနှင့် မခံချင်စိတ်တို့ကို နောင်မျိုးဆက်များအထိ သယ်ယူမသွားဘဲ အစွန်းရောက်စိတ်များကို ဖြတ်ကြရန်လိုသည်။ တလွဲဆံပင် ကောင်းသည့် မခံချင်စိတ်မျိုးက ချမ်းသာခြင်းကို မပေးဆောင်နိုင်၊ နိုင်ငံပိုင်၊ ပြည်သူပိုင်၊ အများပိုင် ဥစ္စာပစ္စည်းများကို ခိုးဝှက်လုယက် မတရားသိမ်းပိုက်ထားသည့် တဒင်္ဂအရသာသည်လည်း တကယ့်ချမ်းသာအစစ်မဟုတ်၊ ပျော်ရွှင်မှု အစစ်မဟုတ်သည့် အမြင်မှားခြင်းသက်သက်ကို အမှောင်ထဲမှ လူငယ်လူကြီး မရွေးသိကြပါစေ

လမ်းမှန်မှ လမ်းမှားသွေဖည်မှုများကြောင့် ပြည်သူအများ မပျော်ရွှင်သော ဘဝများစွာမှာ သောကများ ဝေခဲ့ကြရသည်။ လမ်းမှားမှ လမ်းမှန် ပြန်ရောက်လာသူများကြောင့်လည်း ငြိမ်းချမ်းရေး ဦးခရီး နီးလာသလို ခံစားရပြန်သည်။ လမ်းမှားမှ လမ်းမှန်ပြန်ရောက်သူသည် အမှားကိုသိ၍ အမှန် ပြင်နိုင်သူများဖြစ်ရာ သတ္တိရှိသူများဟု ဆိုထိုက်ပါသည်။ မိမိကြောင့် မိမိသာမက အများအကျိုးကိုပါ ထိခိုက်သွားပါလား၊ အမှန်မြင်လာ၍ အတ္တနည်း လာသူများအဖြစ် မြင်မိပါသည်။ သူတို့သည် အစွန်း နှစ်ဖက်မှ ရှောင်ဖယ်နိုင်ကြပြီး အစွဲလျော့သူများ ဖြစ်လာခဲ့ပါပြီ။ တစ်နည်း အေးချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ခုအတွက် ချမ်းသာသုခဆောင် မည့်သူများအဖြစ် သူတို့အပေါ် ယုံကြည်မှုများ ရှိလာခဲ့ပါပြီ။

## အများမြင်၍ အမြင်မှန်စေချင်

ဆိုလိုသည်မှာ အမှန်ကိုမြင်ပြီး အမှားကို ပြင်စေချင်၍ဖြစ်သည်။ အမှားခရီးကြမ်း ဆူးခင်းလမ်း၌ လျှောက်နေသော ခြေလှမ်းများကို ပြန်လည်ရုပ်သိမ်း စေချင်၍ ဖြစ်သည်။ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခြင်းဆိုသည်မှာ အင်မတန် အေးချမ်းသော စကားဖြစ်သည်။ တစ်နည်း မိဘရင်ခွင်ကို ပြန်လည် ဝင်ရောက်သဖြင့် အလင်း၏အရသာကို ပြည့်ပြည့် ဝဝ ခံစားရခြင်းဖြစ်၍ အများသူငါ အားလုံးအတွက် မင်္ဂလာစကားလည်းဖြစ်သည်။

စည်းကမ်းတို့ ကျင့်ဝတ်တို့ရှိသော ဥပဒေဘောင် အတွင်းမှာ လူမိုက်၊ လူ့အန္ဓတို့ မနေနိုင်ပါ။ လူလိမ္မာ တို့သာ နေနိုင်ကြသည်ဖြစ်၍ ဥပဒေနှင့်ထိန်းကွပ်ရာ အရပ်သည် လူလိမ္မာသား၊ ပညာရှိလူအများတို့ နေထိုင်ရာ သင့်တော်ရာအရပ်သည်သာ မင်္ဂလာနှင့် ညီပါသည်။ သွေးဆူသည့်အချိန် လျှောက်ခဲ့သည့် လမ်း၊ ဆူးခင်းလမ်းဟု သူတို့မမြင်သာခဲ့သည်ကို လည်း ခွင့်လွှတ်နိုင်ပါသည်။ အလွယ်တွေး၍ ရွေးလျှောက်ခဲ့ကြသော်လည်း အမှောင်မှအလင်းသို့ ပြန်ဝင်ရန်မှာမူ ဆုံးဖြတ်ရန် ခက်ခဲခဲ့ကြပေမည်။ ထို့ကြောင့် သူတို့သတ္တိကို လေးစားရပါသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသော ကြိုဆိုထိုက်သူ မည်သူမဆို ကြိုဆိုနေခြင်းဖြစ်ပါသည်။ ယုံယုံကြည်ကြည် လက်ခံ၊ ခမ်းခမ်းနားနား ကြိုဆိုပေးနေခြင်း ဖြစ်သည်။

ယုံကြည်ချက်ကြောင့် အမှားလမ်းစဉ် လျှောက်ခဲ့ ကြသည်၊ မည်သို့ဆိုဆို မှန်ကန်သောယုံကြည်ချက် မဟုတ်လျှင် ခံယူချက်လည်း ကောင်းနိုင်မည်မဟုတ် ပါ။ ကိုယ့်လုပ်ရပ်သည် အများသူငါ စိတ်ဆင်းရဲ ဖြစ်စေသလား၊ ဒုက္ခရောက်စေသလား။ ဆင်ခြင် ကြည့်ပါ။ ပညာမျက်စိနှင့် ကြည့်တတ်ဖို့၊ တိုင်းတာ ဖို့တော့လိုသည်။ ကိုယ့်လုပ်ရပ်က အများအကျိုး မဖြစ်သရွေ့၊ လက်တွေ့မှာ အများဒုက္ခဆင်းရဲတွေ့နေ သရွေ့ ဘယ်လိုယုံကြည်ချက်မျိုး လက်ကိုင်ထား သည်ဖြစ်စေ၊ မည်သို့မျှ မှန်စရာအကြောင်းမရှိပါ။ ဤအချက်ကို အယူတိမ်း ယနေ့လူငယ်အချို့ သိစေချင်သည်။ အမြင်မှန်ရစေချင်ပါသည်။

## မှတ်တမ်းဝင်၍ မှတ်တမ်းတင်ထိုက်သူများ

ယနေ့ အမှန်မြင်၍ လမ်းမှားကို စွန့်ခွာခဲ့သူများ က မိမိတို့၏သမိုင်းအမှန်ကို ကိုယ်တိုင်မှတ်တမ်း တင်သူများဖြစ်လာပါလိမ့်မည်။ အမှန်တကယ် လည်း မှတ်တမ်းဝင်၍ သမိုင်းတွင်ခဲ့ကြပါပြီ။ ယမ်းငွေ့များကြား ယုံကြည်ချက်တို့ ပြိုဆင်းရာမှ မိမိနှင့် မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်းအတွက် အမှန်တကယ် ငြိမ်းချမ်းရေးရောင်ခြည်သန်းရာ အစတစ်ခုဖြစ်ခဲ့ပါပြီ။ ထို့ကြောင့်လည်း မှတ်တမ်း တင်ထိုက်သည်ဟု ဆိုခြင်းဖြစ်သည်။

အမှောင်မှ အလင်းသို့ မှတ်တမ်းဝင်သည်ဖြစ်၍ နာမည်ကောင်းဖြင့် မှတ်တမ်းဝင်ရန် ပို၍ကောင်းရာ သို့ ပြင်ဆင်ရန်သာရှိတော့သည်။ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူမှန်သမျှ ဆွေမျိုးရင်းချာ မိသားစုပမာ သက်ဆိုင်ရာက ကြည်ဖြူစွာ လက်ခံသည့်မြင်ကွင်းမျိုးသည် မြန်မာ့သမိုင်း ခေတ်အဆက်ဆက်မှာ မဆန်းလှပါ။ အမှောင်မှ အလင်းဝင်လာသူ မည်သူမဆို ပို၍လင်းလက်လာ စေဖို့အစစအရာရာ ကူညီပံ့ပိုးကြသည်သာ။ ဤသည် မှာ လူကောင်းလူတော်တို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ခုဖြစ်သည်။ ထို့ကြောင့် အမှားကို စွန့်ခဲ့ကြပြီး သူတို့အနေဖြင့် အမှောင်ထဲကျန်ခဲ့သူ တို့အတွက် လက်ရှိကူညီနေသူတို့၏ ပုံရိပ်ကောင်း များကို ကူညီပြသစေလိုပါသည်။ ငါတို့ကို နိုင်ငံ၊ တပ်မတော်နှင့် ပြည်သူများက ဘယ်လိုစေတနာ ထားခဲ့သလဲ၊ သဘောထားကြီးစွာဖြင့် ဘယ်လိုပြုမူ ဆက်ဆံကြသလဲ အသိပေးစေလိုသည်။ ထို့ကြောင့် သမိုင်းတစ်ခေတ်တွင် တစ်ခေတ်မှာတစ်ယောက် မှတ်တမ်းတင်နိုင်အောင် အမြင်မှန်ရကြပါဟူ၍သာ နိုးဆော်လိုပါသည်။

## ကျေးဇူးဆပ်ရာရောက်

မင်းတို့လျှောက်နေတဲ့ လမ်းက အမှား၊ ငါတို့ ယခု အမှန်လမ်းပေါ်ရောက်နေကြပြီ။ ငါတို့ကြောင့် ငြိမ်းချမ်းရေးခရီး နီးလာပြီ။ သူငယ်ချင်းတို့… အမှန်မြင်ကြပါ၊ အမှောင်နှင့် အလင်း၊ အမင်္ဂလာနှင့် မင်္ဂလာအရပ်နှစ်ခုကား အလွန်ကွာခြားပါသည်။ သူတစ်ပါးကို ဆင်းရဲခြင်းပေး၊ ငါတို့လည်း ချမ်းသာ ခြင်းနှင့်ဝေး၊ ဘာတွေကောင်းတာရှိခဲ့သလဲ။ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့အမျိုး၊ နောက်ဆုံး အနာဂတ် မျိုးဆက်အထိတွေးပြီး ဘာတွေကောင်းတာလုပ်ခဲ့ ကြသလဲ။ ကိုယ့်ဒေသအတွက်လည်း ဘာတစ်ခုမှ မလုပ်နိုင်၊ ကိုယ့်နိုင်ငံအတွက်လည်း ဘာမှ အကျိုး မပြုနိုင်။ တကယ့်အကျင့်ပျက်ခြစား မတရားမှုများ နှင့်သာ ကျင်လည်နေရသည့် ဆိုးလှဘဝများကို အကောင်းဘက် ပြန်လှည့်ကြဖို့ သတင်းစကား အမှာပါးခြင်းဖြင့် မိမိတို့၏ သူငယ်ချင်းမိတ်ဆွေများ ကို လမ်းစဉ်အမှားမှ အမှန်လမ်းသို့ ပြန်ခေါ်ပေးရန် တိုက်တွန်းလိုပါသည်။ မကောင်းတာကို ကောင်းရာ ညွှန်ပြခြင်းသည် ကုသိုလ်ဖြစ်ပါသည်။ အမှားမှ အမှန်ဘက် ဆွဲခေါ်ခြင်းသည် အားနည်းသူကို ကယ်ဆယ်ရာရောက်၍ ကရုဏာမည်ပါသည်။ ဤနည်းဖြင့်သာ နိုင်ငံကို ကျေးဇူးဆပ်၊ ပြည်သူကို ကူညီရာရောက်ပါမည်။

## ရလဒ်မကောင်းလျှင် ယုံကြည်မှုတို့ ပြိုလဲနိုင်

လများစွာကတည်းကပင် အမှောင်မှအလင်းသို့ ကူးပြောင်းသူလူငယ်များ အများအပြား ရှိလာကြောင်း သတိထားမိသည်။ အဖျက်နှင့် အပျက်တို့ကြား လူငယ်များ အသိတရား နိုးကြားလာခြင်းကို ကြိုဆို ပါသည်။ ကိုယ့်မိသားစု၊ ကိုယ့်အိုးအိမ် ကိုယ်တိုင် စောင့်ရှောက်ဖို့ သူတို့ သိလာကြပါပြီ။ မိသားစု အတွက် စဉ်းစားရင်း ကိုယ်ချင်းစာတရားလည်း ထားနိုင်လာပါပြီ။ ပြည်သူကို ကာကွယ်ဖို့၊ နိုင်ငံကို ကာကွယ်ဖို့လည်း နိုးကြားလာကြပါပြီ။ ငါတို့ ယုံကြည်ခဲ့တာ ဘာလဲ၊ ထိုယုံကြည်ချက်နှင့်အတူ ငါတို့ ဘာတွေလုပ်ခဲ့ကြသလဲ၊ တရားမဲ့ဝန်းကျင်မှာ မိမိတို့ယုံကြည်မှုများ ပြိုလဲသွားခြင်းကို ယနေ့လူငယ် များ သင်ခန်းစာယူသင့်ပါသည်။ ရလဒ်မကောင်း လျှင် ယုံကြည်မှုဆိုသည်မှာ ပျောက်ဆုံးသွားတတ် ပါသည်။ ကိုယ်တိုင်သာ မမြင်နိုင်တာ။ ဘေးကကြည့် နေသူက ကောင်းစွာမြင်သည်။ သတ်ဖြတ်မှုနှင့် သေဆုံးခြင်း၊ ဖျက်ဆီးမှုနှင့် ပျက်စီးမှုရလဒ်များက သက်သေပင်ဖြစ်သည်။ ရလဒ်ကောင်းမဖြစ်သည့် ရှုံးမြင်းကို အလောင်းအစားလုပ်၊ ကြမ်းကြုတ်မှုများ အပေါ် ဘယ်လောက်စိတ်ကုန်နေကြပြီလဲ သဘော ပေါက်သူ များလာနေပြီဖြစ်ကြောင်း အထောက် အထားများပင်ဖြစ်သည်။

တရားမဲ့လမ်းစဉ်သည် အဖြေမဟုတ်၊ အကြမ်း ဖက်နည်းလမ်းသည် အမှား၊ ထိုလမ်းစဉ်မှားများ ကြောင့် တန်ဖိုးရှိလူ့အသက်များဘာကြောင့်ပေးဆပ် နေမလဲ။ စားပွဲဝိုင်းနည်းလမ်းကသာ အမှန်ဆိုသည့် သဘောကို ကိုယ်ပိုင်အသိဖြင့် သိမြင်လာခြင်းသည် ပင် ပညာဖြစ်သည်။ နားမလည်လျှင်လည်း နားထောင်ပေးရန်လိုသည်။

စာမျက်နှာ ၁၂ သို့ ☆




# ဆန်ဈေးနှုန်းမှန်ကန်တည်ငြိမ်စေရေး စားသုံးသူများထံသို့ အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် ဆန်များရောင်းချပေးမည်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်ဈေးနှုန်း မှန်ကန်တည်ငြိမ်စေရေးအတွက် စားသုံးသူများထံသို့ အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

၂၀၂၆ ခုနှစ် မတ်လအတွင်း ၁၀၈ ပေါင် (၂၄ ပြည်)ပါ ဆန်အိတ်များကို ရောင်းချလျက်ရှိရာ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ ဧရာဝတီပေါ်ဆန်း (ကြားပျံ့) တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ဧရာဝတီပေါ်ဆန်း (နယ်စုံ) တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ဧည့်မထ ၁၅ မှတ်တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ဖြစ်သည်။ စားသုံးသူများသည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဖုန်း ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ တို့သို့ ဆက်သွယ်မှာယူလိုသည့် ဆန်အမျိုးအစား၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို SMS သို့မဟုတ် Viber၊ Message တို့သို့ ပေးပို့မှာယူနိုင်သည်။

အသင်းချုပ်သို့ ငွေကြိုတင်ပေးသွင်းရမည့် KBZ Pay နံပါတ်ကို စားသုံးသူဝယ်ယူသူထံသို့ ချက်ချင်းပြန်ကြားပေးမည်။ ငွေပေးသွင်းသည့်နေ့မှစ၍ ရုံးဖွင့်ရက် သုံးရက်အတွင်း ဆန်များကို Delivery ဖြင့် အခမဲ့ပို့ဆောင်ပေးမည်။ ပို့ဆောင်မည့် နေ့ရက်နှင့် အချိန်အား ကြိုတင်ဆက်သွယ်ပြန်ကြားပေးမည်ဖြစ်ပြီး အထပ်မြင့်သို့ ပို့ဆောင်ရလျှင် ထိုက်သင့်သည့် ဝန်ဆောင်ခပေးရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



# ရန်ကုန်မြို့ အိန္ဒိယစင်တာ၌ ဟိန္ဒူပူဂျာရီများ အထူးသင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို)တို့ ပူးပေါင်းကျင်းပသည့် ဟိန္ဒူပူဂျာရီများ အထူးသင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ (အောက်လမ်း)ရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakur၊ အိန္ဒိယနိုင်ငံမှ ဆရာတော် Dr. P.H.D စန်မူဂွန်စီ ဝါချာရီယာနှင့် တာဝန်ရှိသူများက မင်္ဂလာဆီမီးတိုင် ထွန်းညှိပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဆရာတော် Dr. P.H.D စန်မူဂွန်စီဝါချာရီယာတို့က သြဝါဒစကားပြောကြားကာ ဟိန္ဒူဘာသာရေး(ဗဟို)အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းအသင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်း၊ သနတ္တန ဒမ္မပါလ(ဟိန္ဒူ)အဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိပုံချီ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ဆရာတော် Dr. P.H.D စန်မူဂွန်စီဝါချာရီယာနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို) အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၅ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြင်ဦးလွင်မြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၅**

ပြင်ဦးလွင် ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာ ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ အခြေခံ အားကစားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် အားကစားကွင်းအတွင်း၌ ကျင်းပသည်။



**ထောက်ပံ့လှူဒါန်း**

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက သင်တန်းဖွင့်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက တာဝန်ရှိသူများထံသို့ အားကစားပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ သင်တန်းကို မတ် ၅ ရက်မှ ၃၁ ရက်အထိ ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ Ground တင်းနစ်၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ ကရာတေး၊ ဘတ်စကက်ဘောနှင့် ရိုးရာခြင်း စသည့် အားကစားအမျိုးအစား ၁၂ မျိုးကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ မတ် ၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁၆၀ ဒသမ ၄၁၉ သန်းဖြင့် မြေလမ်း နှစ်မိုင်ခြောက်ဖာလုံ၊ ကျောက်လမ်းနှစ်မိုင်၊ ကွန်ကရစ်လမ်း ၁၀ မိုင်တစ်ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာလမ်းတစ်မိုင် လေးဖာလုံ၊ Box Culvert ငါးစင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း နှစ်ခု၊ ရေစင်လုပ်ငန်းတစ်ခု၊ ရေကန်လုပ်ငန်းတစ်ခု၊ ကျောက်ကြီးစီလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသည်။



အဆိုပါ လုပ်ငန်းများအနက် ခွင့်ပြုငွေကျပ် ၉၈၉ ဒသမ ၃၉၇ သန်းဖြင့် ဆောင်ရွက်သည့် ဘားအံမြို့နယ် တောင်ဝိုင်း-တောင်ပတ်လမ်း နှစ်မိုင်အနက် ပေ ၇၉၂၀ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း၏ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မတ် ၃ ရက်တွင် ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၁ မှ

ခံစားချက်ပြင်းပြင်းနှင့် မခံချင်စိတ်တို့ကို နောင်မျိုးဆက်များအထိ သယ်ယူမသွားဘဲ အစွန်းရောက်စိတ်များကို ဖြတ်ကြရန်လိုသည်။ တလွဲဆံပင်ကောင်းသည့် မခံချင်စိတ်မျိုးက ချမ်းသာခြင်းကိုမပေးဆောင်နိုင်၊ နိုင်ငံပိုင်၊ ပြည်သူပိုင်၊ အများပိုင် ဥစ္စာပစ္စည်းများကို ခိုးဝှက်လုယက် မတရားသိမ်းပိုက်ထားသည့် တဒင်္ဂအရသာသည်လည်း တကယ့်ချမ်းသာအစစ်မဟုတ်၊ ပျော်ရွှင်မှုအစစ်မဟုတ်သည့် အမြင်မှားခြင်းသက်သက်ကို အမှောင်ထဲမှ လူငယ်လူကြီးမရွေး သိကြပါစေ။

လူ့ဘဝတွင် ကောင်းမွန်သောဘဝနှင့် ကောင်းမွန်သောအနာဂတ်ကို ကိုယ်တိုင်ရွေးချယ်တတ်မှသာလျှင် လူပီသပေမည်။ လက်ရှိမိသားစုသာမက နောင်အနာဂတ်မျိုးဆက် အဆက်ဆက်အထိ ကြည့်တတ်ရသည်။ အမှောင်ဖုံးနေခြင်းကို ကိုယ်တိုင်အလင်းရှာတတ်မှလည်း အမှန်ကို အမှန်အတိုင်း မြင်ရာရောက်ပါသည်။ အမြော်အမြင်ရှိသူဆိုသည်မှာ အခင်းအကျင်းအသစ်အသစ်ဖြစ်သမျှကို မြင်နိုင်စွမ်းသည်။ နိုင်ငံက ကဏ္ဍသစ်တစ်ခုသို့ ရွေ့နေပြီလားသူသိသည်။ အဏုမြူဒီပလိုမေစီနှင့် ဒေါ်လာဒီပလိုမေစီ (Actomic diplomacy and Dollar diplomacy) ကြားက ကမ္ဘာကြီး ဘယ်ဆီရွေ့နေသလဲ၊ နိုင်ငံတကာအရေး မျက်ခြည်ပြတ်မခံ မှီငြမ်း၍ ပြည်တွင်း EAO များ၏ Geopolitical Game များအကြောင်း လူငယ်တို့ အများကြီးလေ့လာရဦးမည်။

သို့မှသာ တပ်မတော်က မိမိတို့ အချုပ်အခြာမပျက်ယွင်းအောင် ဘယ်လို ကာကွယ်စောင့်ရှောက်နေရသလဲ သိနိုင်ပါမည်။ ထိုမှတစ်ဆင့် ကျေးဇူးဆပ်လိုသူများအတွက် အပျက်အစီးများ ပြန်လည်တည်ဆောက်ရေးမှာ ပါဝင်ခွင့်ရရေး ကြိုးစားရပါမည်။ ထို့ကြောင့် နိုင်ငံပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် နိုင်ငံ့အရေးတွင် အားထည့်၍ ပါဝင်ကြစေလိုပါသည်။ သို့မှသာ နိုင်ငံနှင့် ပြည်သူကို ပြန်လည်ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ပြီး အမှောင်မှ အလင်းသို့ ပြန်ရောက်ရကျိုးနပ်ပါမည်။ ။

# နီပေါနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပ




**ခတ္တမန္ဒူ မတ် ၅**

နီပေါနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ပြည်သူအများအပြားက ဆန္ဒမဲပေးခဲ့ကြပြီး ခတ္တမန္ဒူမြို့တော်ဝန်ဟောင်း ဘာလန်ဒရာရှာ ကျောထောက်နောက်ခံပြုထားသည့် ပါတီအသစ်က ထောက်ခံမဲအများဆုံးရရှိရန် ရေပန်းစားလျက်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲသည် စက်တင်ဘာလက လူငယ်များဦးဆောင်သည့် ဆန္ဒပြပွဲများဖြစ်ပွားပြီးနောက် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်သည်။ ဆန္ဒမဲပေးခြင်းကို မတ် ၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် စတင်ခဲ့သည်။

မြို့တော်ဝန်ဟောင်း ဘာလန်ဒရာရှာသည် ဝန်ကြီးချုပ်ဖြစ်လာရန် အာရုံစိုက်ခံနေရကြောင်း သိရသည်။

Rastriya Swatantra Party သို့မဟုတ် RSP ပါတီဝင်များက အသက် ၃၅ နှစ်အရွယ် ဘာလန်ဒရာရှာအား ပါတီကိုယ်စားလှယ်လောင်းအဖြစ် အလေးပေးနေကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ ပါတီသည် လူငယ်မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို အခိုင်အမာရရှိထားကြောင်း သိရသည်။

အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးက RSP ပါတီသည် ပြည်သူများ၏ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# ပါကစ္စတန်နိုင်ငံတောင်ပိုင်း၌ လေးနှစ်အရွယ်ကလေးငယ်တစ်ဦး ပိုလီယိုရောဂါဖြစ်ပွား

**အစ္စလာမ္မာဘတ် မတ် ၅**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ လေးနှစ်အရွယ်ကလေးငယ်တစ်ဦးတွင် ပိုလီယိုရောဂါဖြစ်ပွားလျက်ရှိကြောင်း ယနေ့ စစ်ဆေးတွေ့ရှိသည်။

အဆိုပါရောဂါတွေ့ရှိမှုကို ယခုနှစ်အတွင်း ပထမဆုံးသော ပိုလီယိုရောဂါဖြစ်ပွားမှုအဖြစ် အတည်ပြုခဲ့ကြောင်း နိုင်ငံ၏ ပိုလီယိုတိုက်ဖျက်ရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

လေးနှစ်အရွယ်ကလေးငယ်တစ်ဦးကို စစ်ဆေးကြည့်ရာ တောရိုင်းပိုလီယိုရောဂါဖြစ်ပွားနေကြောင်း ပိုလီယိုရောဂါတိုက်ဖျက်ရေး အမျိုးသားအရေးပေါ်စစ်ဆင်ရေးစင်တာ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် တောရိုင်း ပိုလီယိုဗိုင်းရပ်စ်ပိုး ဖြစ်ပွားဆဲနိုင်ငံအနည်းငယ်အနက် တစ်နိုင်ငံအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

သို့သော် စဉ်ဆက်မပြတ် ကာကွယ်ဆေးတိုက်ကျွေးမှုအစီအမံများကြောင့် ရောဂါကို အမြစ်ပြတ်ချေမှုန်းရန် နီးကပ်နေပြီဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ပြောကြားသည်။

၂၀၂၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံက နိုင်ငံတစ်ဝန်း ပိုလီယိုရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုအဖြစ် ကလေး ၄၅ သန်းကျော်ကို ကာကွယ်ဆေးတိုက်ကျွေးခဲ့ပြီး လာမည့် ဧပြီလတွင်လည်း ကာကွယ်ဆေးတိုက်ကျွေးမှု အမျိုးသားလှုပ်ရှားမှုကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ၂၀၄၀ ပြည့်နှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၉၀ ရာခိုင်နှုန်းအထိ လျှော့ချမည်

**ဘရပ်ဆဲလ် မတ် ၅**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ဥရောပဒေသရာသီဥတုဆိုင်ရာ ဥပဒေပြင်ဆင်ချက်ကို မတ် ၅ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ယင်းဥပဒေပြင်ဆင်ချက်အရ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့်အထိလျှော့ချရေး ဆောင်ရွက်ရန် သတ်မှတ်ခဲ့သည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၃၆ ခုနှစ်မှ စတင်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကာဗွန်ခရက်ဒစ်များကို ရေတွက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။



ယင်းဥပဒေပြင်ဆင်ချက်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံး ၈၅ ရာခိုင်နှုန်းအထိလျှော့ချခြင်း လုပ်ငန်းကို အဖွဲ့အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများကိုလည်း ဥရောပသမဂ္ဂ၏ မိတ်ဖက်နိုင်ငံများတွင် ဆောင်ရွက်သည့်လုပ်ငန်းများ အတိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပါရီသဘောတူညီချက်နှင့် ကိုက်ညီရမည်ဟု သတ်မှတ်ထားသည်။ ယခုကဲ့သို့ ဥပဒေပြင်ဆင်ချက်ကို အတည်ပြုခဲ့ခြင်းကြောင့် အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍများအပေါ် လွှမ်းခြုံမှုရှိသည့် ဥရောပသမဂ္ဂ၏ ကာဗွန်ဓာတ်ငွေ့ကုန်သွယ်ရေးစနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို နှောင့်နှေးခဲ့ကြောင်း သိရသည်။

ယခု ဥပဒေပြင်ဆင်ချက်သည် ဥရောပသမဂ္ဂဂျာနယ်တွင် ထည့်သွင်းဖော်ပြပြီးနောက် ရက်ပေါင်း ၂၀ အတွင်း စတင်အသက်ဝင်လာမည်ဟု သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံက နိုင်ငံတကာဈေးကွက်သို့ ဆန်တန်ချိန် ၂၄၇၈၂၂ တန် တင်ပို့ရောင်းချ

**ဖနောင်ပင် မတ် ၅**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်လအတွင်း ဆန်တန်ချိန် ၂၄၇၈၂၂တန်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်းနှင့် ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၈၃ ရာခိုင်နှုန်းတိုးတက်လာကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်၏ မတ် ၅ ရက်တွင်ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

ယခုနှစ် ပထမနှစ်လအတွင်း ဆန်စပါးပြည်ပတင်ပို့ခြင်းမှ အမြတ်ငွေ ကန်ဒေါ်လာ ၁၄၂ ဒသမ ၈ သန်း ရရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ကုမ္ပဏီ ၅၅ ခုသည် ယခုနှစ်အတွင်း နိုင်ငံနှင့်ဒေသပေါင်း ၅၁ ခုသို့ ဆန်စပါးတင်ပို့ရောင်းခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်စပါးများကို အဓိက ဝယ်ယူသူအဖြစ် ရပ်တည်နေကြောင်း သိရသည်။ ပြည်ပသို့တင်ပို့သည့်ဆန်များတွင် ၅၉ ရာခိုင်နှုန်းသည် ဆန်မွှေးများဖြစ်ကာ ၂၇ ဒသမ ၇ ရာခိုင်နှုန်းမှာ ဆန်ကွဲများဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုင်းတွင်းပြိုကျမှုကြောင့် လူ ၂၀၀ ကျော် သေဆုံး

**ကင်ရှာဆာ မတ် ၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုင်းတွင်းပြိုကျမှုကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရက ယနေ့ ပြောကြားသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ခုအရ မြောက်ကီဗူပြည်နယ်ရှိ ရူဘာယာသတ္တုတွင်းနေရာ၌ အဆိုပါမတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိစာရင်းများအရ အရွယ်မရောက်သေးသူ ၇၀ ခန့်အပါအဝင် လူ ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းကြောင့် မိုင်းတွင်းပြိုကျခဲ့ကြောင်း ရူဘာယာသတ္တုတွင်း၏ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။



အလားတူ ဇန်နဝါရီလတွင် ရူဘာယာဇုန်ရှိ ကော်တန်သတ္တုတွင်းနေရာများတွင်လည်း မြေပြိုကျမှုဖြစ်ပွားပြီးနောက် အနည်းဆုံး လူ ၂၀၀ ထက်မနည်း သေဆုံးခဲ့သည်။ ပျောက်ဆုံးနေသူများ မပါဝင်ဘဲ သေဆုံးသူ ၄၀၀ ကျော်ရှိနိုင်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ကော်တန်သတ္တုသည် ခေတ်မီအီလက်ထရွန်နစ် ကိရိယာများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှားပါးသတ္တုဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



## ကျုံပျော်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

ကျုံပျော် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများ မီးပေါ့ဆမှုမရှိစေရန်နှင့် မီးလောင်မှု လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေး ကွင်းဆင်း စစ်ဆေးခြင်းကို ရှားခဲကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိဦးအောင်စိန်ဘွင့်၏ လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်လင်းထက်နှင့် တပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း တစ်အိမ်တက်ဆင်းလိုက်လံ၍ မီးလောင်လွယ်သော စက်သုံးဆီ၊ လောင်စာဆီများ သိုလှောင်ထားခြင်း မပြုကြရန်၊ မီးကွင်း၊ မီးကျန်များ စနစ်တကျငြိမ်းသတ်ကြရန်၊ ဟောင်းနွမ်းသော လျှပ်စစ်ဝါယာကြိုးများ အသစ်လဲလှယ်အသုံးပြုရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိရန်တို့ကို လိုက်လံစစ်ဆေးပြီး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

ဖီးကုန်း မတ် ၅

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းထွဋ်က သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ တောင်ယာခုတ်ထွင်မီးရှို့မှုများ မပြုလုပ်ရေး အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး တောအုပ်ဦးရန်လင်းပိုင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာစေသောအကြောင်းအရာများ၊ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ရန်နည်းလမ်းများအကြောင်းတို့ကို ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



အောင်လံမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာဖြေဌာန ငါးခု၌ အောင်လံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်မီးသတ်နှင့် တာဝန်ရှိဌာနဆိုင်ရာများပူးပေါင်းအဖွဲ့သည် မတ် ၄ ရက်က မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ ကိုခန့်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၁၀၀၀ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် နှင့် မတ် ၁ ရက် တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၈၆၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရေဦးမြို့နယ် အောင်ချမ်းသာရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၅ ဒသမ ၅ ဂါလန်၊ ဒီဇယ်ဆီ ၁၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၀၀၀)ကို ရေနံနှင့်




စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၃၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက် တို့တွင် အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဝေါမြို့နယ်၊ တောင်ငူမြို့နယ်၊ ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၈၄ ဒသမ ၈၉၁ တန်၊ အခြားသစ် ၁၃ ဒသမ ၅၄၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၄၁၁၄၃၀၈ကျပ်ကို လည်းကောင်း၊ ကျောက်တံခါးမြို့နယ်အတွင်း၌ တရားမဝင် မီးသွေးပေါင် ၃၀ ဝင် ၁၃၇၉ အိတ် (ခန့်မှန်းတန်ဖိုးငွေ ၂၆၅၅၉၅ ကျပ်)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၄၁၈၄၃၀၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း သုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၈ ရက်၊ မတ် ၁ ရက်နှင့် ၂ ရက် တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၇၁၃၂၂၉၀၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## လင်းခေးမြို့မဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

လင်းခေး မတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားပြည်သူလူထုတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက လင်းခေးမြို့ စည်ပင်သာယာဈေးအတွင်း ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်/အပေါ့စားစက်အသုံးပြုကာ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆောင်ရွက်ရာသို့ လင်းခေးမြို့ တပ်နယ်(လင်းခေး)မှ တပ်နယ်မှူး၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊



မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများ တက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်ယာဉ် နှစ်စီးဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မုဒုံမြို့နယ်ရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၅

မွန်ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် အများပြည်သူများ စိုးရိမ်ကြောင့်ကြမှု မဖြစ်ပေါ်စေရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်၍ ပြည်နယ်အတွင်း လစဉ်အသုံးပြုရန် လိုအပ်သောစက်သုံးဆီများ ပြည်ပ(ပင်လယ်ရေကြောင်း) မှ တင်သွင်းဖြန့်ဖြူးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်သုံးဆီများကို ပြည်ပ(ပင်လယ်ရေကြောင်း) ဆီတင်သင်္ဘောကြီးများမှ စက်သုံးဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းနေမှု၊ စက်သုံးဆီများကို စက်သုံးဆီအရောင်းဆိုင်များသို့ သယ်ဆောင်ပေးပို့ဖြန့်ဖြူးနိုင်ရေး ဆိပ်ကမ်းရှိ ဆီလှောင်ကန်များမှတစ်ဆင့် ဆီသယ်ယာဉ်များသို့ စက်သုံးဆီများ တင်ယူပို့ဆောင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် စက်သုံးဆီဆိုင်များသို့ အဆင်ပြေချောမွေ့မြန်ဆန်စွာ ရောက်ရှိစေရေး အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဆိပ်ကမ်းရှိ ရှင်းလင်းဆောင်၌ မွန်ပြည်နယ် စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီလုပ်ငန်းများ၏ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဆိပ်ကမ်းတာဝန်ခံက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စက်သုံးဆီများအား ပြည်ပ(ပင်လယ်ရေကြောင်း)မှ တင်သွင်းဖြန့်ဖြူး ဆောင်ရွက်ထားနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သောစက်သုံးဆီများ အမြဲမပြတ်ဝယ်ယူနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး စက်သုံးဆီအရောင်းဆိုင်များကလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချပေးရန်၊ စက်သုံးဆီများ မြေပြင်တွင် မှန်မှန်ကန်ကန် ရောင်းချနေမှုရှိ/ မရှိ၊ တရားမဝင်စက်သုံးဆီများ ရောင်းချမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘာသာ၊ သာသနာနှင့်လူမှုရေးလုပ်ငန်းအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီကဏ္ဍကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးကြရန်နှင့် စက်သုံးဆီများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်း ရောင်းကြရန်မှာကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အတွင်း စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချနေမှု အခြေအနေကို ရှင်းလင်းပြောကြားကာ စက်သုံးဆီလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီးသင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ ဆီပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ကျိုက်ထို မတ် ၅

ကျိုက်ထိုမြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ ဆီပြတ်လပ်မှုမရှိစေရေးကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျိုက်ထိုမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် စက်သုံးဆီရောင်းဝယ်/ သိုလှောင်ရေးဆိုင်ရာ စည်းကမ်းများ၊ ဈေးနှုန်းမှန်ကန်စွာ ရောင်းချရေး၊ ပီပါများ၊ ပုံးများဖြင့် မရောင်းချရေး၊ စက်သုံးဆီ အရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးစနစ်များ ပြည့်စုံစွာ ဆောင်ရွက်ရေး၊ စက်သုံးဆီပြတ်တောက်မှု မဖြစ်စေရေး၊ စက်သုံးဆီရောင်းချမှုကို အကန့်အသတ်ဖြင့် ဆောင်ရွက်ရေး စသည်တို့ကို သက်ဆိုင်ရာဌာနများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေး

ပခုက္ကူ မတ် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံကြွယ်ဝပြီး ဘက်စုံထူးချွန် ထက်မြက်သောမျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ နွေရာသီသင်တန်း အမျိုးအစားပေါင်း ၁၅ မျိုး ဖွင့်ပွဲကို မတ် ၅ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက နွေရာသီသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ သင်တန်း တက်ရောက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ နွေရာသီသင်တန်းကို ပခုက္ကူမြို့ရှိ အခြေခံပညာအထက်တန်း ငါးကျောင်း၊ အခြေခံပညာအလယ်တန်း သုံးကျောင်း၊ အခြေခံပညာ မူလတန်း(လွန်) သုံးကျောင်းနှင့် အခြေခံပညာမူလတန်း နှစ်ကျောင်းတို့တွင် ပန်းချီ၊ ဂီတ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ဘင်ခရာ၊ ကင်းထောက်၊ ကြက်ခြေနီ၊ အိမ်တွင်းမှု(ချက်ပြုတ်၊ အထည်ချုပ်)၊ ယဉ်ကျေးလိမ္မာ၊ ကဗျာလွတ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ fitness Dance၊ အေရိုးဗစ်၊ တယောတီး စသည့် အမျိုးအစားပေါင်း ၁၅ မျိုးကို မတ် ၃ ရက်မှ ဧပြီ ၆ ရက်အထိ စနစ်တကျဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၈၂၉ ဦး တက်ရောက် သင်ယူကြမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ထိန်တောကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်မာ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ထိန်တောနယ်မြေစခန်းမီးသတ်တပ်ဖွဲ့ဝင်များ၊ ထိန်တောနယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများပူးပေါင်းကာ မတ် ၅ ရက် နံနက် ၁၀ နာရီက ထိန်တောမြို့မဈေး မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။

မြို့နယ်(ပြန်/ဆက်)




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ အခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ ပြုလုပ်



နေပြည်တော် မတ် ၅

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူ တစ်ဦးတို့က လက်ခံရယူကြသည်။

အဆိုပါသင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၁၂ ဦးဖြင့် မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## အုတ်တွင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

အုတ်တွင်း မတ် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်အတွင်း စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ယနေ့နံနက် ၁၁ နာရီက ကြက်သွန်ခင်း(၂) ရပ်ကွက်အတွင်း အသိပညာပေး ဆောင်ရွက်သည်။

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက စာပေဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



## ကမာရွတ်မြို့နယ်၌ နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံပန်းချီသင်တန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက အခြေခံပန်းချီရေးဆွဲနည်းအပြင် ဆက်လက်သင်ယူလေ့လာနိုင်မည့်နည်းလမ်းများကိုပါ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်၍ တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၅

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ရတုအလင်္ကာခန်းမ၌ ကျင်းပသည်။



ဦးစွာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခ ဒေါက်တာခင်စောဦး (ပါမောက္ခချုပ်)က အဖွင့်အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို အင်းစိန်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆွေးနွေးသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲတွင် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာန တတိယနှစ်ကျောင်းသူ မဇင်ဇင်သန်း၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာနမှ စတုတ္ထနှစ်ကျောင်းသူ မဆုနန္ဒာအောင်၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသူ မအိမြတ်ဖူးနှင့် ကျန်းမာရေး သတင်းအချက်အလက်နည်းပညာဌာနမှ ဒုတိယနှစ်ကျောင်းသူ မရွှေရည်ဝင်းမြတ်တို့က အမျိုးသမီးများရဲ့အခွင့်အရေး၊ အမျိုးသမီးများ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု၊ ကျားမ တန်းတူညီမျှမှုကို ဘယ်လိုကူညီရမလဲနှင့် ယနေ့ခေတ် အမျိုးသမီးများ၏ စွမ်းရည်အကြောင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပန်းတနော် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး



ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို မတ် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများအား ဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပန်းတနော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Triple Hlaing ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်သည့် သိမ်ကုန်း- ချောင်းကလေး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းဆောင်ရွက်ထားရှိမှုအခြေအနေအား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

ညောင်လေးပင် မတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ စီစဉ်ကျင်းပသော အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ ဦးစိုးဝင်း (မောင်စုမြင်- ညောင်လေးပင်)က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၄ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ယင်းနောက် ပြန်ကြားရေး



နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြုအစီအစဉ် “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ မတ် ၂၇ ရက်နေ့တွင် ရောက်ရှိမည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ပြည်ချစ်သားမွန် တေးသဝဏ်”တေးဂီတဖျော်ဖြေပွဲကို မတ် ၆ ရက်မှ ၂၇ ရက်အထိ ပွဲစဉ်(၄)ပွဲဖြင့် အပတ်စဉ်သောကြာနေ့ ညချမ်းတွင် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။




“ပြည်ချစ်သားမွန် တေးသဝဏ်”ပွဲစဉ်(၁)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ချမ်းဟိန်းဝင်းထွန်း၊ စဝ်ဝဏ္ဏကျော်စွာ၊ တေဇာဝင်း၊ ကောင်းမိုးယံ၊ နှင်းဝတ်ရည်၊ မေ့ချစ်သက်၊ မြနန္ဒာ၊ ချိုသဲဦးနှင့် မေဖြူကြည်သင်းတို့က တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဖော်ကျူးထားသည့် တေးသီချင်းကောင်းများ၊ အောင်ပွဲနှင့်အတူပြန်လာစေကြောင်း ဆုမွန်တောင်းသည့် တေးသဝဏ်လွှာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ မတ် ၆ ရက်(သောကြာနေ့)ည ၉ နာရီခန့်တွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မတ် ၈ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ”မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန်ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသမည့် “ငါးရာ့ငါးဆယ်ဇာတ်တော်ကောက်နုတ်ချက် ဇာတ်လမ်းများ”အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ်ထုတ်လွှင့်ပြသလျက်ရှိသည်။

“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ်တွင် “သမ္မောဒမာနဇာတ်တော်”၏ “အချင်းချင်း မသင့်တင့်သောကြောင့် ပျက်စီးသည်”အပိုင်း(၁)ကို နန်းတော်ရှေ့ ဆရာတင်၏ မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး နန်းဝင်း၊ ကိုကိုကျော်၊ ကြည်ဇေယျရှင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ တိုးတက်၊ တောက်တဲ့နှင့် ရွှေနန်းသဘင် အဖွဲ့သားများက ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ မတ် ၇ ရက်(စနေနေ့)ည ၉ နာရီတွင် လည်းကောင်း၊ MRTV Entertainment Channel မှ မတ် ၈ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မတ် ၁၁ ရက်(ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Linn” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အောင်ညီသာကျေးရွာနေ ရဲလင်းဟန်အား ည ၁၁ နာရီတွင် ပြည်မြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၅-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိစံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၅

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်ထုတ်လွှင့်ပြသလျက်ရှိရာ မတ် ၇ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် MRTV-HD Channel မှ နေပြည်တော် ကလေးပြုစုရေးဌာန မူလတန်းကြိုကျောင်းနှင့် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

**ပြသမည်**

ယင်းအစီအစဉ်ကို MRTV Entertainment Channel မှ မတ် ၈ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV-HD Channel မှ မတ် ၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာ ယူ -၁၇ အသင်းနှင့် အိန္ဒိယ ယူ -၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လာရောက်အားပေးခဲ့ကြသည့် ပရိသတ်များကို တွေ့ရစဉ်။

**❍ မြန်မာ-အိန္ဒိယမှ**

မတ် ၃ ရက်က ပထမခြေစမ်းပွဲတွင် အိန္ဒိယ ယူ -၁၇ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယနေ့ ဒုတိယခြေစမ်းပွဲ၌ ဂိုးမရှိသရေ ရလဒ်ဖြင့် ပွဲစဉ် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**အကောင်းဆုံးကစားခဲ့**

ပထမခြေစမ်းပွဲတွင် မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည့် မြင့်မြတ်ကိုကိုနှင့် တိုက်စစ်ကစားသမားများက ဒုတိယခြေစမ်းပွဲတွင်လည်း အကောင်းဆုံးကစားခဲ့ကြပြီး ဂိုးမပေးရရေးအတွက် ရှေ့နောက်ဆင်း၍ ကစားနိုင်ခဲ့ကာ အိန္ဒိယနောက်တန်းခံစစ်ကို ထိုးဖောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သည်။

မြန်မာနောက်ခံအားကစားသမားများကလည်း ဂိုးမပေးရရေးအတွက် အနာခံကစားခဲ့ကြသည်။ ပွဲပြီး၍ အချိန်ပို သုံးမိနစ်တွင် မြန်မာအသင်းက ပြစ်ဒဏ်ဘောနှင့် ထောင့်ကန်ဘော ရရှိခဲ့သော်လည်း အခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။

မြန်မာ ယူ -၁၇ အသင်းအနေဖြင့် အနိုင်ဂိုးမရရှိခဲ့သော်လည်း ဂိုးမပေးရရေးအတွက် အားကြိုးမာန်တက် ကစားခဲ့ကြသဖြင့် ပရိသတ်များက ကစားသမားများအား ပြိုင်ပွဲပြီးဆုံးသည်အထိ မြန်မာ- မြန်မာ ဟူသော ချီးကျူးဂုဏ်ပြုသံဖြင့် အားပေးခဲ့ကြသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မကွေးမြို့ မြသလွန်စေတီတော် ဗုဒ္ဓဇယန္တီဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပ



မကွေး မတ် ၅

မကွေးမြို့ မြသလွန်စေတီတော်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဩဝါဒါဆရာတော်ကြီးများ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြသလွန်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အသစ်ဆောက်လုပ်ပြီးစီးသော ဗုဒ္ဓဇယန္တီဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗိမာန်တော်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးများက မြသလွန်စေတီတော် ဗုဒ္ဓဇယန္တီ ဗိမာန်တော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗုဒ္ဓဇယန္တီဗိမာန်တော် ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မိကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မဟာဓမ္မိကာရာမကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါဗိမာန်တော်သည်နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဗိမာန်တော်ကြီးအပေါ်ထပ်၌ ထီးတော်ထားရှိသည့် အခန်း၊ ဘုရားသုံးဆူစံမြန်းရာ ဘုရားခန်းနှင့် ဓာတ်တော်အခန်းတို့ ပါဝင်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၄၀၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**


# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တက္ကန္ဒဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်းဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်၊ (၄-၃-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့ ည ၁၀ နာရီ ၃၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တက္ကန္ဒဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထောင့်ကြီးကျေးရွာ၊ ခမည်းတော်ဦးသက်ရှည် + မယ်တော် ဒေါ်ရွှေမြိုင်တို့မှ ၁၂၉၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် ညောင်ဦးမြို့နယ် ထောင့်ကြီးကျေးရွာ ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့တွင် ညောင်ဦးမြို့ တောင်ရနောင်ကျေးရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြုလျက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာ ဦးမောင်ကွန်း၊ ဒေါ်ဖွားမြစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ညောင်ဦးမြို့နယ် တောင်ရနောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် စာချဆရာတော်များ၊ မန္တလေးမြို့ ချမ်းသာကြီးမြောက်တိုက် စာချဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ညောင်ဦးမြို့နယ် ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာ ၆၉ ဝါအရ ၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (၄-၃-၂၀၂၆)ရက် ဗုဒ္ဓဟူးနေ့၊ ည ၁၀ နာရီ ၃၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံအမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

မိတ္ထီလာ မတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက အဆိုပါ တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်း၊ စစ်တုရင်ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာသိန်းသိန်းဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ အဆိုပါဘာသာရပ်ပေါင်းစုံအမျိုးသား အမျိုးသမီးစစ်တုရင်ပြိုင်ပွဲတွင် မြန်မာစာ၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဥပဒေပညာနှင့် စီးပွားရေးပညာဌာနတို့မှ ကျောင်းသား ကျောင်းသူ ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကာလနှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





# တာချီလိတ်မြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တာချီလိတ် မတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့တွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက တာချီလိတ်မြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တာချီလိတ်မြို့နယ် တာကြနို့စံပြကျေးရွာရှိ ဟီနိုင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ နွေစပါးစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းမှလိုအပ်သော သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးနှင့် ငွေကြေးအရင်းအနှီးများ ရရှိစေရေး သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်နယ်အစိုးရဘတ်ဂျက်ရန်ပုံငွေမှ ၅၀ ရာခိုင်နှုန်းထောက်ပံ့ငွေဖြင့် ဝယ်ယူထားရှိသည့် Daedong ထွန်စက်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# အင်္ဂပူမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

အင်္ဂပူ မတ် ၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၌ မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ" မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များပက်ဖျန်းပြီး စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၃၊ မြေကွက်အမှတ်– ၄၅၆/ခ၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ (၁၂၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– ၄၅၆/ခ၊ မြဝတ်ရည်လမ်း၊ (၃၃/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်မင်းထက် [၁၂/ရပသ(နိုင်)၀၇၁၈၇၃] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည့် အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ မြေကွက်အမှတ်– ၂၁၊ အကျယ်အဝန်း (၈၀ ပေx၆၅ ပေ)၊ (၅၂၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၂၀ပေx ၆၅ပေ) (မြေကွက်အမှတ်– ၁၉ နှင့် ကပ်လျက်အခြမ်း)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– ၂၁၊ (၁) လမ်း၊ ရွှေနံ့သာစံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအလင်းရောင် (HGU–၁၀၄၃၆၁) [၁၂/လကန(နိုင်)၁၂၆၆၀၆]** အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၂၃–၂–၂၀၂၆)ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဦးမျိုးဝင်း [၁၂/သဃက(နိုင်)၀၁၂၇၁၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

## "ဝယ်ယူပြီးစီးပြီးကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ ထိန်နှစ်ပင်ကျေးရွာတောင်ပိုင်း၊ ဘုရားလမ်းရှိ ရွာမြေအမျိုးအစား အကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း၊ ယင်းမြေကွက်နှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဦးဇင်နိုင်ထွန်း [၁၂/ထတပ(နိုင်)၀၈၅၄၆၁]၏ ဝန်ခံကတိပြု ကမ်းလှမ်းချက်များအရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းလင်း [၇/အတန(နိုင်) ၀၉၁၁၁၉]မှ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်" ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ လွှဲပြောင်း၊ရောင်းချ၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဟေမာသက် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၈၂)**
**အမှတ်–(၁၂၈/၁၂၉)၊ ဝိဇ္ဇာလမ်းသွယ်(၅)၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၇၅၀၀၈၄၄၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ(၃၅)လမ်း၊ စလစ်မြေကွက်အမှတ် (J–၁၃၀)၊ ပေ ၄၀ xပေ ၆၀ မြေကွက်အနက်မှ ပေ ၂၀ x ပေ ၆၀ မြေကွက်၊ ခြေရင်းဘက် (မြောက်ဘက်အခြမ်း)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်/အဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (မူလစလစ်အမည်ပေါက်ပိုင်ရှင် ဦးသာလှ) ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်သူဇာအေး [၁၂/သလန(နိုင်)၀၉၈၀၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်သက် [၁၂/သကတ(နိုင်)၁၅၉၄၃၆]က (၄– ၃–၂၀၂၆)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူ၍ အဆိုပါမြေကွက်နှင့် နေအိမ်/အဆောင်အား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် နေအိမ်/အဆောင်အား ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးတည်းသာလျှင် တရားဝင် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွန်းလွင်(သန်လျင်)**
**အထက်တန်းရှေ့နေ (စဉ်–၁၇၅၆၉/၁၉၈၉)**
**ဖုန်း – ၀၉–၅၁၀၇၀၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ ပါမစ်မြေကွက်အမှတ် (၂၀၂၄)၊ (ဦးထန်ကျဲ အမည်ပေါက်) ပေ၄၀xပေ၆၀ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းဆွေ [၇/ သကန(နိုင်)၀၀၁၅၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖိုးလပြည့် [၁၄/လပတ(နိုင်)၁၄၈၇၄၇]က ဝယ်ယူရန် စရန်ငွေတချို့ ပေးချေ ထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွန်းလွင်(သန်လျင်)**
**အထက်တန်းရှေ့နေ (စဉ်– ၁၇၅၆၉/၁၉၈၉)**
**ဖုန်း–၀၉–၅၁၀၇၀၈၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီး(အထက်)ကျေးရွာ၊ အမှတ်(၂)လမ်းမ၊ ကွင်းအမှတ်(၁၀၈၄–က)၊ ကွင်းအမည်(ဥက္ကံကွင်း)၊ ဦးပိုင်အမှတ် (၁၃/၉)၊ ဦးအောင်ကြည်အမည်ဖြင့် လှည်းကူးမြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေခွန်ပြေစာအမည်ပေါက် ထမ်းဆောင်ထွက်ရှိသော မြေပြင်ရှိမြေကွက်အကျယ်မှာ အလျား(၄၀')xအနံ(၁၂၄')+အလျား(၃၀')xအနံ(၆၀') မြေ(၂)ကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ် အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူဖြစ်သော ဦးမင်းနိုင် (ဘ) ဦးဖိုးနီနှင့် ဒေါ်တင်တင်မြိုင် (ဘ) ဦးထွန်းမြိုင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဦးသန်းဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B) (တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၂၂၅၇)**
**ဒေါ်ဝင်းမာဦး (LL.B) (အထက်တန်းရှေ့နေ)(စဉ်–၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း–၀၉–၅၀၄၁၄၈၃၊ ၀၉–၄၃၀၂၃၃၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက် အမှတ်(၇၀၁/က)၊ မိုးစန္ဒာအမှတ်(၂)လမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ **ဦးချစ်စု** (ISN–၁၄၂၁၅၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသည့် **(၁) ဒေါ်ခင်လှ** [၅/ခဥတ(နိုင်) ၀၀၆၈၃၃]နှင့် **(၂) ဒေါ်ထားထားဝင်း** [၅/ခဥတ(နိုင်) ၀၆၃၅၃၆] တို့မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **(၁) ဦးခင်မောင်ထွန်း** [၁၀/ပမန(နိုင်) ၁၀၁၀၄၃]နှင့် **(၂) ဒေါ်အေးအေးရီ** [၁၀/မလမ(နိုင်) ၀၀၄၀၅၃]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ထွန်းနှင့်ဒေါ်အေးအေးရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈၊ ၀၉–၄၅၀၀၂၅၄၁၅**

## ကိုမင်းမင်းနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာနေ မမြင့်မြင့်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာသည်–

ကြို့ပင်ကောက်မြို့နယ် စေတီကုန်းရွာနေ ကိုမင်းမင်း (ခေတ္တ–ထိုင်း) နေသူနှင့် ကျွန်ုပ်၏ မိတ်ဆွေ မမြင့်မြင့်မိုး မိသားစုမှာ (လုံးဝ)ပတ်သက်ခြင်းမရှိပါ။ ကိုမင်းမင်းနှင့် ၎င်း၏မိတ်ဆွေမိသားစုတို့မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမြင့်မြင့်မိုးနှင့် မိသားစုအား စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ဆောင်နေပြီး ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမြင့်မြင့်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စကားဝါခင်ခင်နှင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၅၁၆)**
**အမှတ်(၂)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ ဇီးကုန်းမြို့။ 09–250985388**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၀(က+ခ)၊ မြေကွက်အမှတ်(၃၅၁)၊ တိုက်အမှတ်(၆၈)၊ မာလာမြိုင် (၈)လမ်း၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပဉ္စမထပ်(၆–လွှာ)(ခြေရင်းခန်း) အကျယ်အဝန်း(၁၂½ x ၅၀)ပေ အကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဒေါ်အေးမြင့်မော် [၁၂/မရက(နိုင်)၀၈၀၄၉၆]မှ ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသူဇာ[၁၄/ရကန(နိုင်)၁၁၃၂၉၇]မှ ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၄၅၂၄၂၄၈၂၂**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၄၆–ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ် (၁၅၆၇)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ) ရှိ ဒေါ်ခင်နှင်းဝေအမည်ပေါက်နှင့် မြေငှားဂရန်စာချုပ်မြေအရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်နှင်းဝေ [၁၂/မဘန(နိုင်)၀၅၁၄၅၂]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်တော် ဦးအောင်မြင့်မြတ် [၉/ဝတန(နိုင်)၁၉၅၅၀၂]ဖြစ်သူမှ စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြင့်မြတ်၊ 09–788083634**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆၊ မြေကွက်အမှတ်–၂၂၄၊ ဧရိယာ (၀.၀၈၂)ဧက၊ မြေအမျိုးအစား– နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၂၂၄)၊ ပြည်ထောင်စုလမ်းသွယ် (၃)နှင့် သဇင် (၅)လမ်းထောင့်၊ VIP (၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးစောသိန်း [၉/မကန(နိုင်)၀၆၃၇၇၆]နှင့် ဒေါ်မြင့်မြင့် [၉/မရတ(နိုင်)၀၄၂၈၆၄]တို့က ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ကြပြီး ခင်ပွန်း ဦးစောသိန်းသည် (၂၆–၇–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်မှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးမင်းဟိန်း အထက်တန်းရှေ့နေ (စဉ် – ၅၆၁၃၉)**
**ဦးကောင်းမြတ်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်–၄၀၂၊ (၄–လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်ချောင်းကျေးရွာ၊ ရောင်ခြည်ဦး (၁)လမ်းနေ မပွင့်ဖူးဝေ၏ မိခင်ဒေါ်မာအေးနှင့် ဒေါ်တင်မာအေး[၁၀/ကထန(နိုင်) ၀၈၀၄၀၃]မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာအေး (ခ) ဒေါ်တင်မာအေး**
**[၁၀/ကထန(နိုင်)၀၈၀၄၀၃]**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကျော်ရှိန်၏ သား ဦးကျော်အောင် [၁၂/မရက (နိုင်) ၀၃၁၇၀၆]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နေ Destiny Academy လှိုင်သာယာ Grade–4 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်း၏ သမီး မအေးချမ်းဆု၏ အမည်မှာ မသဒ္ဒါဆုနှင့် မအေး ချမ်းဆု ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၁)၊ ဦးပိုင်အမှတ်(၃၇)၊ ၇၃x၇၄ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်လှ ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၄၂၂၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းဆိုင်စိန် [၁၃/မဆတ(နိုင်)၀၀၀၁၃၃]က အမှုတွဲအမှတ်(၅၅၁၅/ ၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၆)၊ ယသာဝတီ(၁)လမ်း၊မြေကွက်အမှတ်(၄၉၂)၊ ဦးဝင်းဗိုလ်သန်း[၁၂/ သဃက (နိုင်)၀၆၉၃၁၆]ပါမစ်မူရင်း အမည်ပေါက် (၄၀x၆၀)ပေ မြေကွက်မှတရားဝင် မခွဲစိတ်ရသေးသော(၂၀x၆၀)ပေမြေကွက်နှင့် နေအိမ်အပါအဝင် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းမှ အမည်ပေါက်ကိုယ်တိုင်ဖြစ်ကြောင်း လက်ရှိလက်ဝယ်၊ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်စာချုပ်မူရင်းနှင့် အပြီးအပိုင် ရောင်းချသူ ဦးဝင်းဗိုလ်သန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုမြမြထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေး ချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွလူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုမြမြထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၄ ရပ်ကွက်၊ အကွက်အမှတ်–ဃ–၄၊ ဦးပိုင်အမှတ်–၁၀၁/ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း/၆၄x၆၅ လမ်းကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဒေါ်စုမွန်ခင်[၁၃/တယန(နိုင်)၀၆၁၇၈၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၁၅)၊ ဦးပိုင်အမှတ်(၄၇)ခဲစင်း၊ ၆၀(B)x၆၁ကြား၊ ၁၂၅x၁၂၆လမ်း ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းမြင့် [၉/မရမ(နိုင်)၀၇၅၅၈၆]က တောဂရန်စာချုပ် နှင့်အတူ အမှုတွဲအမှတ်(၅၅၀၇/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၁၅)၊ ဦးပိုင်အမှတ်(၄၇)ခဲစင်း၊ ၆၀(B)x၆၁ကြား၊ ၁၂၅x၁၂၆လမ်း ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းမြင့် [၉/မရမ (နိုင်) ၀၇၅၅၈၆]က တောဂရန်စာချုပ် နှင့်အတူ အမှုတွဲအမှတ်(၅၅၀၆/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၁)၊ မင်းလှစည်သူလမ်း၊ မြေကွက်အမှတ်(၃၆)၊ မြေအလျားxအနံ(၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ဦးခင်မောင် (TDI–၁၀၄၄၉၀)ကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မေသွယ်(CI–၀၅၁၂၉၄)၏ကိုယ်စား ဦးကျော်မျိုးလွင် [၁၂/သလန(နိုင်)၀၀၃၂၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဧကရီထွန်း [၁၂/သကတ(နိုင်)၂၀၉၁၉၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၂၀၁၀၇၇၁၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မြေကွက်အမှတ်-၂၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ၁၅၆-ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်-၂ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄-လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၃)လမ်း၊ တိုက်အမှတ်(၁၈၃/က)၊ တတိယထပ် (၄-လွှာ)၊ (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း( ၁၄ ပေx၅၄ ပေ)ရှိသော တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဇာခြည်ဦး[၁၂/ဥကတ(နိုင်)၁၄၆၈၆၃]မှ အဆိုပါတိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်မာသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါမေဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၅၄)**
**တိုက်အမှတ် (၂၇)၊ ပထမထပ်၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၁၇၈၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဃ/၃၇၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ကလေးဝလမ်း၊ မြေကွက်အမှတ်(၇၅၉-ခ)၊ ဦးအုန်းရှိန်၏ အမည်ပေါက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချပါမစ်ထွက်ရှိထားသော ဧရိယာအကျယ် (၂၀ပေx၆၀ပေ)၊ (၀.၂၇၈ကေ) (၁၂၀၀)စတုရန်းပေရှိ အိမ်ခြံမြေနှင့် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာလွင် [၁၂/ရပသ(နိုင်)၁၀၃၃၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းအောင်[၉/ညဥန(နိုင်)၂၁၀၃၆၈]မှ ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုကိုထက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၃၀၉)**
**အမှတ်(၃၉)၊ မြောင်းမြလမ်း၊ ၁၈-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၅၀၂၃၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၂၀)၊ ဦးပိုင်အမှတ်(၃၀)၊ ၅၅-လမ်းနှင့် ၁၁၀(A)လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၈၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဆွေမြင့် [၅/ရဘန(နိုင်)၁၂၇၄၃၄]၊ ဦးကျော်ဆန်းဝင်း [၅/ရဘန(နိုင်)၁၃၂၃၃၆] တို့က အမှုတွဲအမှတ်(၅၅၁၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (c)ရပ်ကွက်၊ အကွက်အမှတ်(ညည-၃)၊ ဦးပိုင်အမှတ်(၁၈-က)၊ ၆၀(A)x၆၀(B)ကြား၊ ၁၂၀x၁၂၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်ဝင်း [၈/မမန(နိုင်)၁၂၂၁၈၇]က အမှုတွဲအမှတ်(၅၅၁၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၆၇)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၆၇)ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သည့် **ဒေါ်လှသန်းရီ [၁၁/စတန(နိုင်)၀၅၅၇၁၃]**က ၎င်းသာလျှင် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍အပြီးအပိုင်လွှဲ ပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးနေဝင်းလင်း [၉/ပဥလ(နိုင်)၀၃၉၂၅၃]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် [တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**အမှတ် - ၃၀၂(၁၂+၁)၊Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃) လူနေရပ်ကွက်အမှတ်(နှင်းဆီယဉ်အိမ်ရာ)မြေကွက်အမှတ်(၁၅၈) အကျယ်အဝန်း(၀. ၀၁၄)ဧကအကျယ်ရှိမဟာရွှေတောင်ကုမ္ပဏီလီမိတက်အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့်(အရပ်ခေါ်)အားဖြင့်သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီယဉ်အိမ်ရာ၊ နှင်းပန်း(၃)လမ်း၊ အမှတ်(၁၅၈)ဟုခေါ်တွင်သည့်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်မွှေးပပဇော်(၇/အတန(နိုင်)၀၀၁၇၅၉)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိသန္တာပိုင်သူ(L.L.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၅၀၃၃)
09-400 860 081, 09-4080 988 22, 09-45888 7918
အမှတ် (1/A2) ၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## အများသိစေရန် အသိပေးကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၄၈)၊ (၂၄၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၆၄၈)၊ ကရဏာ(၂)လမ်း၊ (၄)ရပ်ကွက် ဒေါ်လှမြင့်[၁၂/ဗတထ(နိုင်)၀၀၃၃၃၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်လှမြင့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၇၇၃၈/၂၀၂၅(၄-၉-၂၀၂၅)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်မြင့်မြင့်သန်း[၃/ဘအန(နိုင်)၀၅၆၀၄၆]၊ ဒေါ်သက်သက်နွယ်[၁၂/ဥကမ(နိုင်)၁၅၅၈၅၀]၊ ဒေါ်ခင်ယု[၁၄/ဖပန(နိုင်)၀၄၈၀၉၇]တို့မှ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ်-မဥ/ဂရန်(မိတ္တူ)-၂၀၂၅၀၃၃၀၁၂/၂၀၂၅ ဖြင့်ဂရန်မိတ္တူမှန်လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်-မဥ/၉၂၃/၉၃(၂၄-၉-၉၃)ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဝင်စာအမှတ်-၁၄၇၆/၄-၂-၂၀၂၆ ရက်စွဲဖြင့် ခြကိုက်ပျက်စီးနေသော ဂရန်မူရင်းအားဌာနသို့ ပြန်လည်အပ်နှံလာခြင်းတို့အား အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/ ထန်းတပင်ရပ်၊ မြေကွက်အမှတ်(A-၄၄၃)၊ မြေဧရိယာ(၀.၂၂၉)ဧက ဒေါ်ခင်ကလျာသိန်း(ဘ) ဦးသိန်းစိန် [၅/ကလထ(နိုင်)၀၀၀၉၁၀] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်ကလျာသိန်းမှ ဒေါ်မေသွယ်အောင်၊ (ဘ) ဦးမောင်မောင်ညွှန့် [၁၃/မဆတ(နိုင်)၀၄၂၇၂၉]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်**ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ၊ မြေရာဇဝင်**ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၉၃)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးထွန်းထွန်း (ဘ) ဦးစောမောင်၊ [၉/လဝန(နိုင်)၁၇၃၁၀၄]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးထွန်းထွန်းမှ ဒေါ်အိရွှေစင် (ဘ) ဦးစိန်လွင် [၉/စကတ(နိုင်)၀၆၂၃၆၈]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်**ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ၊ မြေရာဇဝင်**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ငါးကြီးကွေ့ကျေးရွာနေ(ဘ) ဦးကြည်စိုးဝင်း [၇/ရတရ(နိုင်)၀၇၆၃၀၀]၏သမီး ဆွာမြို့ "အောင်ထူးချွန်" ကိုယ်ပိုင်အထက်တန်းကျောင်း G-11 မှ မပန်းနုသွေးအား မမိုင်ဝတီထက် ဟု ပြောင်းလဲခေါ်ပါရန်။

**မမိုင်ဝတီထက်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၂)၊ ၁၀၆ လမ်း၊ ၄၉x၅၀ လမ်းကြားရှိ ဦးကျော်မြင့်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်စုမွန်ထိုက်က တရားပြိုင် ဦးကျော်မြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၇၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စုမွန်ထိုက် [၉/မမန(နိုင်)၀၈၇၉၈၄]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၄၃)၊ ၅၈ လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဒုအရာခံဗိုလ် ခင်မောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်မြင့်နွယ်က တရားပြိုင် ဒုအရာခံဗိုလ် ခင်မောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၇၉/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မြင့်နွယ် [၅/ငဇန(နိုင်)၀၂၄၈၈၆]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၀)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၆၁x၆၂ လမ်းကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မော်မော်ကျော် [၉/မရမ(နိုင်)၀၉၂၆၉၂]၊ ဒေါ်ဖြူဖြူကျော် [၉/ခအဇ(နိုင်)၀၀၆၂၁၉]၊ ဒေါ်ညိုညိုကျော် [၉/ခအဇ(နိုင်)၀၁၄၄၄၉]၊ ဒေါ်ဖွေးအိကျော် [၉/ခအဇ(နိုင်)၀၁၄၄၅၀]၊ ဒေါ်ထွေးမွန်ကျော် [၉/ခအဇ(နိုင်)၀၂၈၇၉၃]တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၇၇၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းဦး [၈/မမန(နိုင်)၁၄၄၆၇၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ တ(၁၅)ရပ်ကွက်၊ မေတ္တာပေါင်းကူးလမ်း၊ မြေကွက်အမှတ်(၆၇၃/က)၊ အကျယ်အဝန်း (၂၀ ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးမျိုးတင့် [၇/ပတန(နိုင်)၀၀၉၁၁၅] အမည်ဖြင့် မှတ်သားတည်ရှိ၍ အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ထွန်း [၁၄/မပန(နိုင်)၁၈၉၅၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ ၁။ ဒေါ်ဇင်မင်းမင်းသန်း [၁၄/ခနဖ(နိုင်)၁၀၆၀၀၅]၊ ၂။ဒေါ်ဆွေဇင်ဝင်း[၁၂/မရက(နိုင်)၁၅၇၈၈၀]တို့က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၆၈)ရပ်ကွက်၊ ရိုးမရိပ်သာ၊ တိုက်အမှတ်(၆၆)၊ အခန်း(၁၀၃) ဦးကျော်ဝင်း [၁၂/မဘန(နိုင်)၀၁၀၉၂၆] (မူလပိုင်ရှင်)မှတစ်ဆင့် ဒုပိုင်ရှင် ဒေါ်မေဦးခိုင် [၁၄/မမက(နိုင်)၀၀၁၄၂၂] ပိုင်ဆိုင်သောအခန်းအား ဒေါ်နုနုဝင်း [၁၁/စတန(နိုင်)၁၁၅၅၉၉]၊ တိုက် (၁၂၅)၊ အခန်း(၅၀၅)၊ ပုဇွန်တောင်မြို့နယ်မှ အထက်ပါရိုးမရိပ်သာ အခန်းကို ဝယ်ယူမည်ဖြစ်ပါသည်။

ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း အထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နုနုဝင်း၏ ညွှန်ကြားချက်အရ**
**ဒေါ်မာမာအောင် (B.A, H.G.P) အထက်တန်းရှေ့နေ (စဉ်-၁၁၇၆၀)**
**ဖုန်း-၀၉-၄၂၁၀၄၆၉၂၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ အိုင်၊ မြေကွက်အမှတ်-၄၃၈ စီ/၄-ဘီ-၇၊ ဧရိယာ-၀.၁၉၁ ဧက၊ မြေကွက်တည်နေရာ-အမှတ်(၂၂/အေ)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမျိုးညွန့်(ခ)မိုက်ကယ်ညွန့် [၁၂/ဗဟန (နိုင်)၀၈၈၅၄၂]၊ ဒေါ်နန်းထွေးခမ်းညွန့် [၁၃/တကန(နိုင်)၁၅၅၉၉၀]အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၄၁၉၅/၂၀၁၅(၁-၇-၂၀၁၅)ဖြင့် ဦးဇော်ဝင်း၊ ဦးခင်မောင်လေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဇော်ဝင်းသည် (၆-၁၁-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ပထမဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီ(AISHA BI BI) [၁၂/ပဘတ(ပြု)၀၀၀၅၁၃]နှင့် သားသမီးများဖြစ်ကြသော မဆုဝင့်ဇော် [၁၂/မဂတ(ပြု)၀၀၁၇၇၃]၊ မနဒီဇော်[၁၂/မဂတ(ပြု)၀၀၁၇၀၆]၊ မသက်ဝတီဇော်[၁၂/မဂတ(ပြု)၀၀၁၇၀၅]၊ မောင်ကောင်းဟိန်းထက်[၁၂/မဂတ(နိုင်)၁၂၃၄၉၆]တို့မှလည်းကောင်း၊ ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်း[၁၂/ပဇတ(နိုင်)၀၂၉၅၂၇]နှင့် သားများဖြစ်ကြသော မောင်သန်းထိုက်ဝင်း၊ မောင်ခန့်ကျော်ဝင်း(ခ)မိုဟာမက်ဖာဟမ်း[၁၂/မဂတ(နိုင်)၁၂၇၁၇၇]၊ RAIHAN(ခ)ဟန်ထက်ဇော်[၁၂/ မဂတ(နိုင်)၁၂၇၅၁၉]တို့အား မွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ သားအကြီးဆုံးဖြစ်သူ မောင်သန်းထိုက်ဝင်းသည်(၂၇-၂-၂၀၁၇)ရက်နေ့တွင် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်းနှင့် ကျန်သားများဖြစ်သော မောင်ခန့်ကျော်ဝင်း(ခ)မိုဟာမက်ဖာဟမ်း၊ RAIHAN(ခ)ဟန်ထက်ဇော်တို့မှလည်းကောင်း အစ္စလာမ်ဓလေ့ထုံးတမ်းအမွေဆက်ခံခြင်းအရ ပိုင်ဆိုင်ခွင့်ရှိကြပြီး ပထမဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီ(AISHA BI BI)၊ သားသမီးများဖြစ်သော မဆုဝင့်ဇော်၊ မနဒီဇော်၊ မသက်ဝတီဇော်၊ မောင်ကောင်းဟိန်းထက်တို့နှင့် ဒုတိယဇနီးဖြစ်သူ ဒေါ်သီသီဝင်း၊ သားများဖြစ်သော မောင်ခန့်ကျော်ဝင်း(ခ)မိုဟာမက်ဖာဟမ်း၊ RAIHAN(ခ)ဟန်ထက်ဇော် တို့ပူးတွဲ၍ တရားဝင်ဇနီး(၂)ဦးနှင့် သားသမီးအရင်း(၆)ဦးတို့ဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ ၎င်းတို့(၈)ဦးတည်းကသာလျှင် အစ္စလာမ်ဓလေ့ထုံးတမ်းအမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ ၎င်းတို့၏ပိုင်ဆိုင်ခွင့်အစု အသီးသီးအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံး မှတ်ပုံတင်အမှတ်-၁၄၈၃၃/၂၀၂၅(၂၇-၁၁-၂၀၂၅)ရက်နေ့ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်-၄၁၉၅/၂၀၁၅(၁-၇-၂၀၁၅)၊ ဦးဇော်ဝင်းနှင့် ဦးသန်းထိုက်ဝင်းတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဒေါ်အိုက်ရှာဘီဘီ(AISHA BI BI)၊ မဆုဝင့်ဇော်၊ မနဒီဇော်၊ မသက်ဝတီဇော်၊ မောင်ကောင်းဟိန်းထက်၊ ဒေါ်သီသီဝင်း၊ မောင်ခန့်ကျော်ဝင်း(ခ)မိုဟာမက်ဖာဟမ်း၊ RAIHAN(ခ)ဟန်ထက်ဇော် တို့နှင့်ပူးတွဲ၍ ဦးခင်မောင်လေး[၁၂/တမန(နိုင်)၀၉၇၀၃၆]မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ **လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိ...**

( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR) စတင်အသုံးပြုဆောင်ရွက်မည့် အစီအစဉ်ကို ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ အပါအဝင် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးစက်ပစ္စည်း(ipad, Tablet, Notebook စသည်)များ၏ မူရင်းအမှတ်အသား(International Mobile Equipment Identity – IMEI Code)ကို ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(Central Equipment Identity Register–CEIR)၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်း(Handset) သုံးစွဲသူပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)အား စတင်အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



## ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစင်း ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိ

**နေပြည်တော် မတ် ၅**

ရုရှားရေတပ် ပစိဖိတ်စစ်ရေယာဉ်စုမှ ကော်ဗက်စစ်ရေယာဉ်များဖြစ်သည့် Sovershenyi နှင့် Rezkiy၊ အလတ်စားဆီတင်သင်္ဘော Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၃၅၀ လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၁၀ ရက်အထိ ၆ ရက်ကြာနေထိုင်၍ လေ့လာလည်ပတ်သွားမည်ဖြစ်ကာ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဆေးရုံဖြေ စာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မတ် ၅**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသည့် ကျောင်းသားကျောင်းသူများ ပညာရေးနစ်နာမှုမရှိစေရန် ရည်ရွယ်၍ ဆေးရုံဖြေစာစစ်ဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များရှိ ဆေးရုံကြီးများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များအတွက် သက်ဆိုင်ရာပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ညှိနှိုင်းလာပါက အဆိုပါဆေးရုံကြီးများတွင် ဆေးရုံဖြေစာစစ်ဌာန ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ-အိန္ဒိယ ယူ-၁၇ အမျိုးသားဘောလုံးအသင်း ဒုတိယခြေစမ်းပွဲ၌ ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံး

**ရန်ကုန် မတ် ၅**

၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ ဘောလုံးပြိုင်ပွဲမတိုင်မီ ဧပြီလတွင် ကျင်းပမည့် အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့သည် ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒုတိယခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ○




မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**တစ်ဦးမှသည် တစ်ဖွဲ့ချင်း အမှားပြင် အမြင်မှန်၍ အပူကို ငြိမ်းစေသူများ**

ဆောင်းပါး

စာမျက်နှာ » ၁၁

**ဆန်စျေးနှုန်းမှန်ကန်တည်ငြိမ်စေရေး စားသုံးသူများထံသို့ အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် ဆန်များ ရောင်းချပေးမည်**

စာမျက်နှာ » ၁၂

**တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄